
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ရှေးဟောင်း နှောင်းဖြစ်များ

## မြမျိုးလွင်



၁၉၀၂ ခုနှစ်ဖွား ဆရာကြီးမြမျိုးလွင်သည် ဤ'ရှေးဟောင်းနှောင်းဖြစ်များ'အမည်ရှိ ဆောင်းပါးအတွဲကြီးကို ရှုမဝမဂ္ဂဇင်းတွင် ၁၉၆၉ ခုနှစ်လမှ စတင်ရေးသားခဲ့ရာ ၁၇ စောင်မြောက်ထိ ရေးသားပြီးနောက် ၁၉၇၀ စက်တင်ဘာလ၌ ကွယ်လွန်ခဲ့သဖြင့် ပြီးလုဆဲဆဲ လက်စမသပ်နိုင်ခဲ့ပါ။

သို့ပါသော်လည်း စာအရေးကောင်းပြီး အတွေ့အကြုံများသူတစ်ဦးက နိုင်ငံတစ်နိုင်ငံ၏ ဆူကြုံနိမ့်မြင့်နှင့် စစ်အတွင်း ခေတ်ကာလအပြောင်းအလဲတို့ နောက်ခံထားလျက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေအနုပညာရေးတို့ကို ထိတွေ့မှတ်မိသမျှ ပြန်ပြောင်းရေးပြသွားသည်မှာ လွန်စွာတန်ဖိုးရှိသော ရသပါသည့် မှတ်တမ်းတစ်ခုသဖွယ်ဖြစ်ပါ၍ ပြန်လည်စုစည်းစီစဉ်လိုက်ကြခြင်း ဖြစ်ပါသည်။

mgyoe.com


mgyoe.com

# မြမျိုးလှိုင်
# ဈေးဟောင်း နှောင်းမြစ်များ



ထိုထက် ဝမ်းနည်းစရာကောင်းခြင်းတို့ကား . . .
လယ်ပြင်ရှိ စပါးပုံကြီးတို့မှာ ယခင်ကကဲ့သို့ ရွာထဲရှိသူ
တစ်ဦးဦးပိုင်ကြောင်း နာမည်ဖွင့်ဖော်ပြောစရာ မရှိသလောက်
ရှားပါးပြီးလျှင် လက်ညှိုးထိုး၍ မေးတိုင်း . . . မေးတိုင်း . . .
"ဟို . . . အပုံကြီးက ထောင်လျှန်ဘိ . . . တရုတ်ကုမ္ပဏီသူဌေးကြီးကို အပ်ပြီးသား၊
ဟိုဘက်အပုံတွေက အာမက်မှုဆာက စပါးပေးသိမ်းထားတဲ့ဟာတွေ၊
ဒီနားတစ်ပိုက် အပုံတွေကတော့ မျက်နှာဖြူကုမ္ပဏီရဲ့ အဝယ်တော်တွေက
တစ်နေ့က ဈေးအကျလိုက်မှာ စရန်ရိုက်သွားတဲ့ဟာတွေပေါ့"
စသော အဖြေတို့ကိုသာ ကြားရသောအခါ နားဝတွင် မချမ်းသာသော
ကျွန်တော့်မှာ ခေါင်းငိုက်စိုက်ချ၍ ငြိမ်သက်နေလိုက်ရတော့၏။
ထို့ကြောင့် ပြောင်းလဲခြင်းကား ခေတ်မီအောင် နီးကြားလျက်
စည်ကားဆူညံစွာ ရှိသဖြင့် အမှတ်မဲ့သော် ဝမ်းသာအားတက်ဖွယ်ဖြစ်သော်လည်း
စင်စစ်မှာသော်ကား "မောင်တို့ရွာ" ကလေးမှာ ရေးကလို မချမ်းသာဘဲ
မွဲရာပြီကိုမူ လူတိုင်းဂရုပြုမိကြဟန် မတူချေ။

စစ်ကြီးကတော့ ဖြစ်လာပြီ၊ ဒီကနေ့ ပြင်းပြင်းထန်ထန်ဖြစ်သလို နက်ဖြန်ပို၍
ပြင်းထန်မည်။ သန်ဘက်ခါ ကြောက်စရာ ပြင်းထန်မည်။ ဖိန်းနွှဲခါ ရောမပြင်းထန်လျက်၊
ပဂါခါ မတွေးဝံ့အောင် ပြင်းထန်မည်။ သည့်နောက် . . . သည့်နောက်
မြို့တွေပျက်၊ ရွာတွေပြောင်၊ လူတွေသေနှင့် ကိုယ်တို့တစ်တွေ
ပြန်တွေ့ချင်မှ တွေ့ကြရတော့မည်။ ယနေ့ည တွေ့ကြခြင်းသည်ပင်
ဘဝရေစက်ကြောင့် တစ်ဦးကိုတစ်ဦး နှုတ်ဆက်ခွင့်ရအောင်
နောက်ဆုံး တွေ့ကြုံရခြင်းမျိုး ဖြစ်ချင်ဖြစ်နိုင်သည်။



ISBN 9789997130617
NF100
9 789997 130617
3,700.00 KS

mgyoe.com

ရှေးဟောင်းနောင်းဖြစ်များ။ မြမျိုးလွင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၄၅ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၃ ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆောင်းပါးအမှတ် ၁ | ၁ |
| ၂။ | ဆောင်းပါးအမှတ် ၂ | ၁၁ |
| ၃။ | ဆောင်းပါးအမှတ် ၃ | ၂၂ |
| ၄။ | ဆောင်းပါးအမှတ် ၄ | ၄၀ |
| ၅။ | ဆောင်းပါးအမှတ် ၅ | ၅၆ |
| ၆။ | ဆောင်းပါးအမှတ် ၆ | ၇၃ |
| ၇။ | ဆောင်းပါးအမှတ် ၇ | ၈၃ |
| ၈။ | ဆောင်းပါးအမှတ် ၈ | ၉၇ |
| ၉။ | ဆောင်းပါးအမှတ် ၉ | ၁၁၂ |
| ၁၀။ | ဆောင်းပါးအမှတ် ၁၀ | ၁၂၄ |
| ၁၁။ | ဆောင်းပါးအမှတ် ၁၁ | ၁၃၉ |
| ၁၂။ | ဆောင်းပါးအမှတ် ၁၂ | ၁၅၃ |
| ၁၃။ | ဆောင်းပါးအမှတ် ၁၃ | ၁၆၄ |
| ၁၄။ | ဆောင်းပါးအမှတ် ၁၄ | ၁၇၃ |
| ၁၅။ | ဆောင်းပါးအမှတ် ၁၅ | ၁၉၃ |
| ၁၆။ | ဆောင်းပါးအမှတ် ၁၆ | ၂၀၅ |
| ၁၇။ | ဆောင်းပါးအမှတ် ၁၇ | ၂၃၄ |


mgyoe.com

mgyoe.com


၁၈။ ဝမ်းနည်း သဝဏ် ၂၂၇

၁၉။ ရှေးဟောင်းနှောင်းဖြစ် ပြန်လည်သစ်လျက် ၂၂၈

၂၀။ ရှေးဟောင်းနှောင်းဖြစ် ပြန်လည်သစ်လျက်
ဆောင်းပါး အမှတ် ၂ ၂၃၈


❑

mgyoe.com

mgyoe.com



# ဆောင်းပါးအမှတ် ၁

**"ယှဉ်တိုင်းကွာ မတုပကြနဲ့၊ နသမျှ ဆန်းကြယ်၊**
**ရှမဝ နန်းအလယ်မှာ၊ ပန်းစံပယ်တော်ဝင်"**

ခေတ်သည် တစ်ခေတ် တစ်ခေတ်အဖြစ်၊ အသစ်သစ် ပြောင်းလဲရွေ့လျား ရှေ့သို့ တစ်အားတိုးနေချိန်…။

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့လည်း မြန်မာပြည် မြန်မာ့မြေ မြန်မာ့နယ်အတွင်း သူတို့ပိုင် ရေစီးကြောင်းများမှ ပင်လယ် သမုဒ္ဒရာအရောက် မိုးရွာမရှောင် နေပူမနား တစ်အားပြင်ပြင် တသွင်သွင် စီးဆင်းနေခိုက်…၊

ယနေ့မှစ၍ ပြန်လည်ရေတွက်သော် မြန်မာသက္ကရာဇ် ၁၂၉၅ ခု၊ နှစ်ပေါင်း ၃၅ နှစ်ခန့် ကာလပတ်ဝန်းကျင်…၊

တစ်ချိန်ချိန်သော သက္ကရာဇ်၊ တစ်နေ့နေ့သော အခါကာလ၊ တစ်ခေတ်ခေတ်သော ပြောင်းလဲတိုးတက်မှု၌ ရန်ကုန်မြို့တွင် မြပိုးထည်တိုက်၊ သီတာအေး ပုံနှိပ်စက်၊ ရှမဝရုပ်စုံမဂ္ဂဇင်း၊ ယင်းသည့်နောက် ရှမဝရုပ်ရှင်တို့ကို ကြီးမှူးအုပ်ချုပ် ပိုင်ရှင်လုပ်ရအံ့သော မောင်ကျော်…။

ထိုမောင်ကျော်၊ အကြင် ရွှေတောင်မြို့လျှင် ဖွားရာဇာတိဖြစ်သော မောင်ကျော်၊

mgyoe.com

mgyoe.com


အသက် ၂၀ မှ ပြည့်ပုံမပေါ်သေးသော မောင်ကျော်သည် ရွှေဖူးစာကာံ စီမံဖန်တီးချက် အရ ချစ်စ၊ ခင်စ၊ ကြင်နာစ၊ ကြားလေသွေးသည်ပင် ဝေးလေစွထင်ရသော ဇနီးအလှ ဘဝကြင်ဖော်နှင့်အတူ မောင်ကျော်မြအမည်ရှိ ကျောင်းသားအရွယ် လူမမည် ညီငယ်ကိုပါခေါ်ကာ ရေကြည်ရာ မြက်နုရာအဖြစ် အခြေစိုက်သင့်က စိုက်ရန်ဟူသော ရည်ရွယ်ချက်နှင့် မန္တလေးမြို့သို့ ရောက်အလာ...။

ဗြိတိသျှလူမျိုးတို့ အုပ်စိုးခိုက်ဖြစ်၍ မြန်မာစာပေဆိုလျှင် ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့မှ သဘောမထား၊ ထောင်ဆု၊ ရာဆု၊ သိန်းဆု၊ သောင်းဆု၊ ဘာဆု၊ ညာဆု၊ ဟိုဆု၊ သည်ဆု စသည်တို့ကို နားမှလေသံ ကြားဖူးသည်ပင် မရှိ...။

စာပေဝန်ထမ်း လူငယ်စာရေးဆရာမှန်သမျှ ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကလေး၊ စစ်ကြိုခေတ်ခေါ်ရချိန် မြမျိုးလွင်တို့ ညီနောင်စုတွင် ညီငယ်အဖြစ် ပါဝင်ကာ စာရေး ဆရာဘဝကို ဒုက္ခနှင့် အရင်းတည်ရင်း နေရိပ်လာမှာကို နေပူကစောင့်သူ စာရေးဆရာ သခ်ၤ၏ အသည်းနှလုံးရော၊ ရိုးတွင်းခြင်ဆီကပါ စပ်ဆိုလိုက်သော...

မွဲသကို တဲအိုစုတ်မှလ
ဆန်ကွဲကို ထမနဲကျိုလို့ တုတ်ပါရ
အမွဲဗိုလ်ချုပ်ပါဗျ ကျွန်တော့်မှာ။

ဆိုသော ညည်းချင်းကလေးကဲ့သို့ ဝဝ မဝဝ၊ ဆင်းရဲ ဆင်းရဲ၊ မဆင်းရဲ မဆင်းရဲ စာရေးဆရာဘဝကိုသာ နှစ်ခြိုက်ပျော်ပိုက်နေကြခိုက် အုပ်စိုးသူတို့အမြင်တွင် 'စာရေးဆရာ' ဆိုသည်မှာ လွတ်လပ်ရေးတိုက်ပွဲဆင်ရန် တာစူနေကြသူများဟု မျက်မာန် တော်ရှခြင်းကြောင့် ပုဒ်မ ၁၂၄ (က) ကို ပြကာ ပြကာ သုန်သုန်မှုန်မှုန်နှင့် ရွှေမျက်နှာညို အလိုတော်မကျတော် မူရှာကြသောခေတ်...။

သို့သော်... သို့သော်... သို့သော်... စာရေးဆရာဆိုသော သတ္တဝါတွေသည် ခြောက်၍လည်း မကြောက်၊ မြှောက်၍လည်း မမြှောက်...။

ဝိပ္ပတ္တိခါသမယမို့ ကာလနှင့် ခေတ်ကို
ဘာကမှ ပြစ်မဆိုပေါင် ဖြစ်သလိုနေဖို့...

ဟူသော စာရေးဆရာကြီး ဒဂုန်နတ်သျှင်၏ မာန်ဝင့်တေးထပ်ကို အားလုံး ဝိုင်းဝန်းထောက်ခံကြရင်း...

မိုးထိအောင်၊ လေ့ကားထောင်ပေ့
အပျို့ပေါင် ဇီးကွက်ရပ်ကြီး။

mgyoe.com

ဟိုအပျိုကြီး မိုးပေါ်ပျံ
မပျံလေနဲ့ ခြေထောက်ဆွဲချ။
လုံချည်ကျွတ်လို့ လွှတ်လိုက်တယ်
နိုင်တယ်လို့ မထင်ကြနဲ့။

စသော သံချပ်တို့ကို ထိုးကာ ထိုးကာ ဘဝကို ဣန္ဒြေမပျက် သာယာကြလျက်...။

မောင်ကျော်နှင့် မြမျိုးလွင်တို့လည်း မန္တလေးမြို့၊ မလွန်ဈေးဟောင်း၊ နီပါးတန်းရပ်ရှိ ကမ္ဘာ့ထိပ်တင် စာပုံနှိပ်တိုက်တွင် နေ့စဉ် နံနက်တိုင်း လက်ဖက်ရည်အကြမ်းဝိုင်းဖွဲ့ကာ အရိပ်အာဝါသကောင်းကောင်း၊ အသီးအပွင့်အရွက်အခက်တွေ ဝေဆာသော စာပေခေတ်သစ်ထူထောင်ရေး နည်းကောင်းလမ်းကောင်း၊ ဘုရားအလောင်း ဇနကမင်းသား သဘော်ပျက်သောအခါ မေခလာနတ်သမီး ကယ်ချိန်အရောက် ဖွဲ လုံ့လဝီရိယမျိုးတို့ကို အားကိုးအားကျ နည်းယူကြရင်း အမျိုးမျိုး ဆွေးနွေးတိုင်ပင် အကြံဉာဏ် ထုတ်နေကြစဉ်...။

ရန်ကုန်မြို့ မြန်မာအဆွေကုမ္ပဏီက ထုတ်ဝေသော လစဉ်ထုတ် ရုပ်စုံဒဂုန် မဂ္ဂဇင်းကြီးကလည်း စာပေခေတ်ကို ဦးဆောင်၍ မီးရှူးတန်ဆောင်သဖွယ် ဝင်းပြောင်ထွန်းတောက်နေချိန်...။

ရန်ကုန်နှင့်မန္တလေးမှ ထုတ်ဝေသူ ဆယ်ဦးလောက်အား နိုင်အောင်ရေးပေးနေသဖြင့် ၅ ရက် တစ်အုပ်၊ ၁၀ ရက် တစ်အုပ် မြမျိုးလွင်၏ လေးပဲတန် ဝတ္ထုသစ်တွေ မှိုပေါက်သလို ပလူပျံသလို ထွက်ပေါ်နေစဉ်...။

မောင်ကျော်သည် ဝတ္ထုစာအုပ်ထုတ်လိုသော ဆန္ဒပြင်းပြလာ၏။ မြမျိုးလွင်၏ ဝတ္ထုများကိုသာ တစ်လတစ်ကြိမ် ထုတ်ဝေရလျှင် ငါ့ဘဝ သာယာမှာပဲဟု စိတ်ကူးယဉ် အိပ်မက် ဝင်လာ၏။ သို့သော် ပရိက်ံက အကျိုးပေးမဖြောင့်၊ ဝမ်းရေးက မတောင့်၊ အာယုက နည်းပါး၊ ဘိုင်ကြီးဘိုင်– ဘိုင်၏မြေး ဘိုင်ကျနေချိန်မျိုး ဖြစ်နေ၍ မြမျိုးလွင်ကိုသော်လည်းကောင်း၊ ကမ္ဘာ့ထိပ်တင် စာပုံနှိပ်တိုက်ရှင် ဦးဘတင်ကိုသော်လည်းကောင်း (ရောင်းပြီး ငွေချေစနစ်) လုပ်ပေးရန် ကိုယ့်လိပ်ပြာ ကိုယ်မလုံသည့်အတွက် ဖွင့်ဟ၍ မပြောရဲ မဆိုရဲတိုင်း မြမျိုးလွင်ရေးသမျှ ဝတ္ထုများကိုသာ တွင်တွင်သာ ဖတ်နေရာ ဝတ္ထု ၁၀ ပုဒ်လျှင် ၉ ပုဒ်လောက် နှုတ်တိုက် အာဂုံဆောင်နိုင်သော စွမ်းရည်ပြည့်ဝသူ ဖြစ်မှန်းမသိ ဖြစ်လာလေ၏။

mgyoe.com

mgyoe.com


မြမျိုးလွင်ကလည်း မောင်ကျော်ကို ချစ်၏။ စာပေရေးရာ ဆွေးနွေးဖော် ဆွေးနွေးဖက်အဖြစ်သာမက ညီငယ်တစ်ယောက်အနေလည်း သဘောထားကာ မောင်ကျော်အတွက် ရေကြည်ထွက်၍ မြက်နုများ အမြဲပေါက်နေအောင် မည်သို့ ဆောင်ရွက်ကူညီရမည်ကို စဉ်းစားရင်း အချိန်ကုန်နေခဲ့လေ၏။

နှစ်ယောက်စလုံး "ရှော်တေးရှင်း" သော အချက်မှာ စာရေးဆရာက ဝတ္ထုထုတ်ပါလားဗျဟု မပြောမိခြင်းနှင့် ညီငယ်လို ဖြစ်နေသူက ဝတ္ထုထုတ်လိုသည်ဟု 'မပွင့်" ခြင်းပင် ဖြစ်၏။

'ကမ္ဘာ့ထိပ်တင်' မှာ စာပုံနှိပ်တိုက်ဖြစ်၏။ အလုပ်အပ်လာသူတို့ အကြွေးခံမည် စိုး၍ မြမျိုးလွင်က လူစုံသော လက်ဖက်ရည် အကြမ်းဝိုင်းတွင် ပုံနှိပ်တိုက်ရှင် ဦးဘတင်အား ကာကွယ်ပေးသော သဘောမျိုးနှင့် "အကြွေး... နိမ်း။ အတေး... နိမ်း။ အကျွေးဆိုရင် ဆွမ်းကျွေးတောင် မလိုက်တဲ့ အဖွဲ့." ...ဟု ပြောလေ့ရှိရာ၊ မောင်ကျော်က ထိုစကားကို အတည်ကြီးထင်လျက်၊ သူ ဝတ္ထုထုတ်လိုခြင်းကို မပြောရဲဘဲ နေခဲ့သည့် အတွက် ကုန်တဲ့ရက်တွေကောကာ နှမြောစရာကြီး ဖြစ်ခဲ့ကြဖူး၏။

မောင်ကျော်သည် အကြံကြီးကြံသူ ဖြစ်စေကာမူ စိတ်တွင်သာ ကြံနေခြင်းကြောင့် စကားနည်း၏။ ရိုးရိုးနေ၏။ သဘောကောင်း၏။ မျက်နှာပေးလှလှနှင့် မျက်နှာထားချို၏။

မြမျိုးလွင်က မန္တလေး၏ လူကျော် လူမော် လူထင်ပေါ်များနှင့် မိတ်ဆွေဖြစ်အောင်၊ နာမည်ကြီး လက်ဖက်ရည်ဆိုင်များသို့ ခေါ်သွားကာ မောင်ကျော်မှန်းသိအောင် မိတ်ဖွဲ့ပေး၏။ ဒုမင်္ဂလ–သုမင်္ဂလ စသော အလှူအတန်း၊ မင်္ဂလာအခမ်းအနား၊ အသုဘပို့ဆောင်ရာပါမကျန် အတူပါစေခြင်းဖြင့်လည်း လူမသိ သူမသိ မောင်ကျော် အဖြစ်မှ မြမျိုးလွင်နှင့် အလွန်ချစ်ကြသည့် ကိုကျော်အဖြစ် မြို့သိ၊ နယ်သိ၊ ရပ်သိ၊ ရွာသိ၊ မန္တလေးက အသိအမှတ်ပြုလာကြလေ၏။

သို့သော်လည်း ထိုအချိန်ထိုအခါ ထိုအခြေထိုအနေသို့ ရောက်သည်အထိ စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို စကားမစပ်မိကြသေးခြင်းမှာ အလွန်ရှော်လျက် ရှိနေကြခြင်းပင်တည်း။

စာရေးဆရာဆိုလျှင် ဇာတ်အငြိမ့် ရုပ်သေးအတွက် သီချင်းအမျိုးမျိုးသော်လည်းကောင်း၊ မင်းသားကြီး လူရွှင်တော်နှင့် ဘိသိက်ဆရာများအတွက် တစ်နာရီ၊ တစ်နာရီခွဲခန့် ရွတ်ရသော လင်္ကာပတ်တမ်း အရှည်ကြီးသော်လည်းကောင်း၊ စာပုံ

mgyoe.com

နိပ်တိုက်နှင့် ပတ်သက်လာလျှင်လည်း ဘုရားအနေကဇာတင်၊ ကျောင်းရေစက်ချ၊ ရဟန်းခံ၊ ရှင်ပြုနားသမင်္ဂလာ၊ ပရိတ်တော် တရားတော်နာ...။

"ရှိန်ဝေဖြာ နဝရတ်ပတ္တမြားပလ္လင်မှ၊ စိန္တေယာ မြတ်ဘုရားသခင်သည် မရပ်မနား တမင်ဒေသစာရီ အလှည့်တွင် ထေရ်မဟာ အမည်ရှိ ညီအာနန္ဒာအား ဤဌာနန္တရာ ရွှေလက်ညွှန်း၍" စသော အလျှုဒကာ အလျှုအမ နေထိုင်သည့် ရပ်ရွာဒေသကိုပင် ဘုရားဗျာဒိတ်တော် မှတ်ခဲ့သော ဌာနဒေသအဖြစ် မြွောက်ပင့် စတင်ဖွဲ့နွဲ့ရေးသားရသော ဖိတ်ကြားစာမျိုးနှင့် တေးထပ်၊ ဒွေးချိုး၊ လေးချိုးကအစ လိမ်ရောင်းဖို့သိကြားမင်း အိပ်မက်ဆိုသည့် ရွှေပေလွှာမျိုးပါမကျန် ရေးတတ်သည်ဟု မန္တလေးသူမန္တလေးသားများက ယုံကြည်ကြ၏။

ထို့ကြောင့် ဘာကိစ္စမဆို လာအရေးခိုင်းလျှင် ရေးပေးနိုင်ပါမှ စာရေးဆရာပီ၏။ ယုတ်စွအဆုံး လူပျို၊ အပျိုတို့အား သမီးရည်းစားပေးစာ ပြန်စာကအစ ရေးပေးပါမှလာဘ်လာဘ ရွှင်ပျကာ 'ဆရာ... ဆရာ...' နှင့် သူသူငါငါ လေးစားလျက် မော်ကွန်းဝင်စာရေးဆရာအဖြစ် အသိအမှတ်ပြုခြင်းကို ခံရ၏။

မြမျိုးလွင်မှာ စကားပြေသက်သက်နှင့် ကာလပေါ်ဝတ္ထုများကိုသာ ရေးနေသူဖြစ်ရာ စာရေးဆရာဆိုသည်ကို ကိုယ်ရော စိတ်ပါ အလေးထား၍ အသိအမှတ်မပြုလိုကြ။ နေရာပေးရန်ကိုပင် ဝန်လေးသယောင်ယောင် "ဘာပင်က ဖြစ်တဲ့ ပိုးလို့သတ်မှတ်ကြမလဲ"... "ဟိုဆရာကြီးက ဦးပုညဆိုတော့ သူက ဦးပုန်ညောက်ပေါ့" စသည်... စသည်ဖြင့် မကြားတကြား လေမှုတ်သူများလည်း ရှိကြပါလေ၏။

ထိုရောအခါ မြမျိုးလွင်၏စိတ်တွင် ကဗျာကလေးအစ ဘာကလေးအစ ရေးတတ်လိုသော ဆန္ဒပေါ်လာ၏။ မည်သူ့ထံ ချဉ်းကပ်ရလျှင် မြန်မြန်တတ်လေမည်လဲဟု ဆရာရှာစ ပြုလာရ၏။

ရန်ကုန်မြို့ မြန်မာအဆွေကုမ္ပဏီက ထုတ်ဝေသော ရုပ်စုံဒဂုန်မဂ္ဂဇင်းကြီးမှာ ပညာရွှေအိုးကြီးဟု ခေါ်ရလောက်အောင် ဗဟုသုတ အလွန်စုံလင်၏။

၂၀ ရာစု နှစ်ဦးပိုင်းမှသည် မဂ္ဂဇင်းထုတ်ဝေခြင်း ရပ်စဲသွားချိန် နှစ်ပေါင်း ၅၀ ခန့်အတွင်း မြန်မာစာပေခေတ် လေးခေတ်လောက် အပြောင်းအလဲ ရှိခဲ့၏။

တစ်ခေတ်မှ တစ်ခေတ်သို့ပြောင်းတိုင်း အယူအဆ အတွေးအခေါ် ရေးဟန်သားဟန်ပါမကျန် တစ်မျိုးတစ်ဖုံ သိသိသာသာကြီး ပြောင်းလဲကုန်၏။

အခြား စာမျိုးစုံ ပြောင်းလဲပုံကိုထားဘိဦး၊ ဝတ္ထုဒဏ္ဍာရီအရေးအသား ပြောင်းလဲ

mgyoe.com

mgyoe.com


ပုံများပင် သိသာခြားနားလာ၏။

**ပထမခေတ်တွင်။** ။ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာဏု ရာဇာ ရှင်နေမင်းသည်၊ ရှေ့ပြုဗ္ဗေ ဝိဒေဇွန်းမှ ထွန်းလင်းလာသည်ရှိသော်... စသော အဖွဲ့အနွဲ့မျိုးနှင့် နံနက်လင်းနေထွက်လာခြင်းက ဝတ္ထုဇာတ်လမ်းကို စကြ၏။

**ဒုတိယခေတ်လောက်သို့ရောက်သောအခါ။** ။ လတာပေါင်း ခအောင်းရယ် တဲ့ ပွင့်ချိန်တန်ဟူသော အသံဝါကြီးသည် မြိုင်ညိုတန်းဆီမှ ဟိန်း၍ ထွက်လာလျက်... စသည်တို့ဖြင့် တစ်ဆင့်တက်လာကြ၏။

**တတိယခေတ်တွင်မူ။** ။ အစိမ်းရင့်ရောင် မေဖလားဝါး မှန်လုံကားသည် မြေကိုမနင်း လေကိုခွင်းလျက် အတင်းသားမောင်းနှင်လာလေ၏။ ...စသည်တို့က ဝတ္ထုအစအဖြစ် ဇာတ်လမ်းဖွင့်လာကြ၏။

**စတုတ္ထခေတ်၌ကား။** ။ ခပ်ပြင်းပြင်း ပင့်သက်ရှူလိုက်သော ရှူးခနဲလေသံ သည် နီလာ၏ နုလျလျ နှင်းဆီရောင်ပါးပြင်နှင့် ပီတာ၏ မာတောင့်ပွင့်ကား အားအပြည့်ရှိသည့် နှာခေါင်းကပ်ထားရာ၊ မွှေးမွှေးပေးနယ်မြေမှ သုတ်ဖြူးလေ တိုက်ခတ်လိုက်ခြင်းပင်... စသဖြင့် ဖြစ်လာ၏။

ထိုခေတ် လေးခေတ်စလုံး ဒဂုန်မဂ္ဂဇင်းကြီးသည် မီးရှူးတန်ဆောင် ထွန်းပြောင် ထိန်လင်းစွာ ခေတ်ကိုဦးဆောင်၍ ရှေ့ဆုံးမှ ချီတက်ခဲ့သော စာပေနယ်ပယ်၏ ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့၏။

ကဏ္ဍအသီးသီး ဖွင့်ပေးထားသဖြင့် ပညာရှင်များ မိမိတို့ ဝါသနာထုံရာ စာပေ အမျိုးမျိုးကို ရေးခွင့်ရကြရာ၌ ကဗျာကဏ္ဍတွင် ဒဂုန်ကျော်စွာ၊ ရေနံချောင်း သျှင်သန်းမေတို့၏ ကဗျာများမှာ အထင်ပေါ်ဆုံးနှင့် အကောင်းဆုံးအဖြစ် ဖတ်နေရ၏။

တစ်ခါသော် ဒဂုန်ကျော်စွာက ရေနံချောင်းသျှင်သန်းမေအား သျှင်သန်းမေ ဆိုလျှင် ဣတ္ထိယ၊ ကြက်မ,တွန်၍ မိုးမလင်းသောခေတ်တွင် အမျိုးသမီးရေးသော ကဗျာများသည် အဘယ်မှာလျှင် စင်တော်ကောက် ဖြစ်နိုင်မည်နည်းဟု ကဗျာတစ်ပုဒ် နှင့် ကျီစယ်လိုက်ရာ...၊ သျှင်သန်းမေ ပြန်လည်ရေးသားသော ကဗျာတစ်ပုဒ်မှ မှတ်မိ သမျှ တချို့တလေကို ဖော်ပြရလျှင်...

မစပ်ရာ ကဗျာစုတ်တွေနဲ့၊
ဖိနပ်စာ လာမရှုပ်လာနဲ့၊
မအပ်တာ ငါမလုပ်ချင်ဘု၊

mgyoe.com

မသာရုပ် အသေကောင်၊
တစ္ဆေဘောင်က တော်တော်ပြုး။
တန်ပါဆို နံ့တာကို မခံချင်နဲ့၊
အမှန်ပင် ငါမဖက်လိုဘု၊
ညာလက်ကို ယဉ်ရုံထောင်လိုက်မယ်၊
ဖင်တုန်အောင် သည်တစ်ခါမဖြင့်၊
ရင်ခုန်အောင် ရယ်စရာပေါ့၊
သရည်စာ ကျော်စွာစားစေဖို့၊
အဒီဟာ ဖော်ကာထားလိုက်ရင်၊
ကွယ်... ပြားယောင်နဲ့ လုံး။

ဟူ၍ ဖြစ်၏။ ကာရန်ရော၊ အထားအသိုရော၊ အဓိပ္ပာယ်ရော၊ သဘောတရား ပါ ပြည့်ဝလှသဖြင့် သျှင်သန်းမေထံ တပည့်ခံလေမှပဲဟု ဆုံးဖြတ်ပြီးလျှင် ဆက်သွယ် ရန် ကြိုးစားရလေ၏။

သျှင်သန်းမေ ဘယ်မှာနေသည်ကို သိလို၍ မဂ္ဂဇင်းကြီးအား အထွေထွေ စီမံခန့်ခွဲ အုပ်ချုပ်နေသူ ဒဂုန်ဦးလှဖေထံ စာရေးမေးမြန်းရာ သျှင်သန်းမေမှာ ထိုအချိန်က ဆရာဦးဘသန်းအဖြစ်သို့ မပြောင်းလဲသေးဘဲ ဆန်းကျမ်း၊ အလင်္ကာကျမ်းတို့ကို ထုံးလိုချေ ရေလိုနှောက် နှုတ်တိုက် အာဂုံဆောင်နိုင်ရန် ဘုရားသားတော် ဘဒ္ဒန္တရေဝတ အဖြစ်နှင့် မန္တလေး အနောက်ပြင် မိုးကောင်းကျောင်းတိုက် တနင်္ဂနွေထောင့်ရှိ ကျောင်းတွင် ပရိယတ်အလုပ် အားထုတ်နေထိုင်ကြောင်း သိရသဖြင့် မြမျိုးလွင်မှာ သူ့ချစ်သူ မောင်ကျော်ကိုခေါ်လျက် တစ်နေ့သောအခါ သျှင်သန်းမေရှိရာသို့ ထွက်လာ ခဲ့ကြလေ၏။

ရောက်သောအခါ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့၏။ မြမျိုးလွင်ဖြစ်ကြောင်း၊ မောင်ကျော်ဖြစ်ကြောင်း မိတ်ဆက်ကြ၏။ ဒဂုန်မဂ္ဂဇင်းတိုက်မှ ဒဂုန်ဦးလှဖေက လိပ်စာ ပေး၍ လာနိုင်ခြင်းဖြစ်ကြောင်း အသိပေးရ၏။ လာခဲ့ကြခြင်း၏ အကြောင်းရင်းကို ဖွင့်ဟလျှောက်ထားသောအခါ...

"မသင်ချင်ကြပါနဲ့ဗျာ၊ ကဗျာရေးဖို့ရာက နယ်ကျယ်လှတယ်" ဟု ခပ်တိုတို ပင် ပြော၏။

ဖွတ်အတင်း နည်းပေးဖို့ တောင်း၏။ သျှင်သန်းမေက သူပင် ကဗျာဆရာ

mgyoe.com

mgyoe.com


မပတ်သေးကြောင်းပြော၏။ သုံးလေးနာရီခန့်ကြာအောင် စကားစစ်ထိုးလျက် နားပူကာမှ ကဗျာဆိုသည်မှာ မြမျိုးလွင် စကားပြေနှင့် ဝတ္ထုတွေရေးနေသလို ရေးခြင်းပင်ဖြစ်ကြောင်း၊ ဝတ္ထုက ဇာတ်လမ်းမထပ်ရသလို ကဗျာက အစပ်အဟပ်မထပ်ရကြောင်း၊ အတွေးအခေါ် အယူအဆမှာ သစ်နိုင်သမျှ သစ်ဖို့လိုကြောင်း၊ ကာရန်ကို ဖောဖော သီသီ ရှာတတ်လေလေ ကဗျာမှာ ကောင်းလာလေလေဖြစ်ကြောင်းတို့ကို စိတ်ရှည်လက်ရှည် ပြောပြပြီးနောက် ထိုခေတ်က သူငယ်တန်း ဖတ်စာဖြစ်သော...

မမလေးတဲ့ ပန်စရာ။
ပျိုတို့မောင် တောင်ပေါ်ရိုးက
ပန်းချိုးလို့လာ။
အပွင့်ရယ်ဝါ၊
အညှာမှာ မြရည်လိမ်းတယ်၊
ပန်းနွယ်ကစိမ်း။

ဟူသော ကဗျာလေးကို ရေးပြီးနောက် ၎င်းကို တစ်ဆင့်ပုံကြီးချဲ့၍ လေးချိုးကဗျာတစ်ပုဒ်ဖြစ်လာအောင် ကာရန်ရှာဖွေကြပါ။

**"မမလေးတဲ့ ပန်စရာ"**

အပိုဒ်ကို ပထမပိုဒ်အဖြစ် စကြရအောင်၊ ကျုပ်လည်း စိတ်ကူးမည်၊ ခင်ဗျားတို့လည်း စိတ်ကူးကြပေါ့... ဟုဆိုသောအခါ မြမျိုးလွင်ရော မောင်ကျော်ပါ ချွေးဒီးဒီးပြန်၍ ကုပ်ကျိုးနေကြတော့သည်။ ဘာကစပြီး ဘယ်လိုထပ်ရမည်မသိတိုင်း ကြက်သေသေနေကြမှ...

"ကျုပ်တွေးရတာကို ပြောမယ်... ခင်ဗျားတို့ လိုက်ရေးကြ..." ဆို၍ စာရွက်များ ထုတ်ပေးသဖြင့် ရေးမှတ်ယူရန် အသင့်ပြင်ကြရတော့၏။

၁။ စုံတန်းမြိုင် ဝနာ့နဘေးမှာလ၊
ထုံလျှမ်းကြိုင် တရွရွမွှေးလိုက်ပါဘိ၊
ငုံပန်းခိုင် လှလှလေးတွေက၊
ပပဖွေးပါလို့ ဟန်ပါပါ၊
(အိုကွယ်) **မမလေးရယ်တဲ့ ပန်စရာ။**

၂။ လျှိုဟို့မြောင် အခေါင်နော်မိုးပါတဲ့၊
စိုလို့ပြောင် အရောင်တော်မညှိုးလေဘု၊

mgyoe.com

**ပျိုတို့မောင် တောင်ပေါ်ရိုးရယ်က၊**
တထမ်းတပိုး အဆန်းအမျိုးမျိုးပေမို့၊
မနွမ်းမညှိုးရအောင်
**ပန်းချိုးလို့လာ။**

၃။ **အပွင့်ရယ်ဝါ၊**
အဆင့်ဆင့် စံပယ်မာလာတွေက
အလှ ညီညီယိမ်း၊
မပွင့်တပွင့် စကားဝါအဖြာဖြာတွေပ
**အညာမှာ မြရည်လီမ်း။**

၄။ စမ်းရိပ်သာ၊
ပန်းလိပ်ပြာ ကိုပိတုန်းငယ်တို့၊
ချိုပြုံးတယ် သံဒီဒီပေါ့၊
ဟန်ညီညီ ခင်ကမူတန်းတွင်ဖြင့်၊
မပြန်ချင်ပြီလေ မြင်သူတို့လွမ်းရစ်အောင်
ဆန်းကြွယ်သမျှ မှန်းရွယ်ကာ အလှနှမဖို့
မရမက သိမ်းလိုက်ချင်ရဲ့၊
(အိုကွယ်) ပန်းနွယ်က စိမ်းတယ်တဲ့မှ
**ပန်းနွယ်ကစိမ်း။**

ဟူ၍ ကာရန်များကို ကိုယ်တိုင် စပ်ဟပ်ရေရွတ်ပြောဆိုပြီးနောက်...

"ကဗျာရေးနည်းဆိုတာ အဲဒါပဲဗျ... အကြောင်းအရာတစ်ခုခုကို မူတည်ပြီး အကြောင်းအရာနဲ့ဆိုင်တဲ့ ကာရန်ကို စိတ်ကူးဉာဏ်ထုတ်ပြီး စဉ်းစားတဲ့ အလုပ်ပါပဲ။ 'မအိပ်မနေ၊ အသက်ရှည်၊ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်' ဆိုတဲ့ ပေါက်ကျိုင်းစကားပုံမျိုး၊ 'လိုလျှင် ကြံဆ နည်းလမ်းရ' တို့၊ 'တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ' ဆိုတာမျိုးလို စိတ်ဝင်စားပြီး ကြိုးစားယူရင် ရနိုင်တာမျိုးတွေပါ၊ အခု ကျုပ်စပ်ပြတာမျိုးကို နမူနာထားပြီး အခြားစာပေတွေကို စပ်ကြရင် ကဗျာတွေ အများကြီး ရနိုင်ပါတယ်၊ အဲဒါဟာ ရေနံချောင်း သျှင်သန်းမေရဲ့ ကဗျာရေးနည်း ဆိုကြပါစို့..." ဟု ပြောခြင်းကြောင့် မြမျိုးလွင်နှင့် မောင်ကျော်မှာ မကြာခဏ အရှင်ဘုရားထံလာမည့်အကြောင်း... လျှောက်ထားပြီးလျှင် နှစ်ယောက်သား နှုတ်ဆက်၍

mgyoe.com


ပြန်ခဲ့ကြရ၏။

ဤတွင် ကဗျာရေးခြင်း အတတ်ပညာကား မလွယ်ကူလှ။ ကြိုးစားက ဘုရားဖြစ်နိုင်၏ ဆိုသော်လည်း လေးသချေ်နှင့် ကမ္ဘာတစ်သိန်းအားထုတ်ရမလို ဖြစ်နေခြင်းကြောင့် ကဗျာဆရာလုပ်လိုသော စိတ်ကူးမှာ မဝံ့မရဲနှင့် သတ္တိကြောင်သောဘဝသို့ ရောက်သွားကြရ၏။

"ဘယ်လိုသဘောရသလဲ ကိုကျော်... ကဗျာဆိုတာ အလွယ်ကလေးမှတ်တယ်၊ အခုမှ မလွယ်တာ သိကြရတော့တာပဲ၊ တတ်တဲ့ပညာ မနေသာဆိုတဲ့အတိုင်း စကားပြေအရေးအသားနဲ့ပဲ တင်းတိမ်နေကြတာ ကောင်းတယ်ထင်ပါရဲ့... ကိုကျော် ဘယ်လိုသဘောရသလဲ"

"ဟုတ်ပါတယ် ဆရာ... အခု သျှင်သန်းမေ စပ်ပြလိုက်တာဟာ သူမို့လို့ ကျွမ်းကျင်တာပါ၊ ကျွန်တော်တို့သာဆိုရင် တစ်လကြာတောင် စိတ်ကူးပေါ်ချင်မှပေါ်မှာ၊ ဒါကြောင့်မို့... ကိုယ်နိုင်တဲ့ စကားပြေအရေးအသားနဲ့ပဲ တင်းတိမ်ကြတာ ကောင်းတယ် ထင်ပါတယ်" ဟု ပြောသဖြင့် ကန့်ကွက်သူမရှိ နှစ်ယောက်သဘောတူ အတည်ပြုကြရင်း ပြန်လာခဲ့ကြရလေ၏။

ထို့ကြောင့် ကဗျာကို ကြိုးစားမည့်အစား၊ စကားပြေကိုပင် မည်သို့သစ်အောင်၊ ဆန်းအောင်ရေးရန် စိတ်ကူးထုတ်သောအခါ မြန်မာစာကိုပင် မြန်မာလို ဘာသာပြန်ဆိုခြင်း၊ ပုံကြီးချဲ့၍ ရေးခြင်းမျိုး ပြုရသော် မကောင်းလောဟူသော အတွေးသစ်တစ်ခုသည် 'ဒင်း' ခနဲ ခေါင်းထဲသို့ ရောက်၍လာ၏။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဇွန်၊ ၁၉၆၉။

❑

mgyoe.com

mgyoe.com



# ဆောင်းပါးအမှတ် ၂

ထို့ကြောင့် မည်သည့်စာမျိုးကို ရေးရသော် ကောင်းမည်နည်းဟု ရှာဖွေသောအခါ (အိုင်ချင်း) များကို သတိရလာသောကြောင့် အစမ်းရေးကြည့်ကာ မောင်ကျော်အား ဖတ်စေရာ သူကလည်း အိုင်ချင်း ဘာသာပြန်ကို ကြိုက်နှစ်သက်ခြင်းကြောင့် စာဖတ်ပရိသတ်အား ဆားမြည်းခိုင်းရန် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလတွင် မန္တလေးမြို့၊ ၈၄ လမ်း၊ ကွမ်းခြံရပ်၊ ပြည်ညွန့်ရတနာ စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသော (မြမျိုးလွင်၏ စာတိုစာစ) စာအုပ်တွင် ထည့်သွင်းဖော်ပြလိုက်ရာ စာဖတ်ပရိသတ်က နှစ်သက်လက်ခံသည်နှင့်အမျှ အိုင်ချင်းဘာသာပြန်စာအုပ် တစ်အုပ်သန့်သန့်ထုတ်ရန်ပင် အကြံဉာဏ်ပေးစာများ ရရှိခဲ့ဖူးရာ အနှစ် ၃၀ ကာလဆိုသည်မှာ ယနေ့ စာပေလောကနှင့် အလှမ်းကွာလာသည် တစ်ကြောင်း၊ ဖတ်ဖူးပါသည် ဆိုသူများပင် မေ့နေလောက်ပြီဖြစ်၍ တစ်ကြောင်း၊ ထိုခေတ် ထိုအခါ၏ အတွေးအခေါ် အယူအဆ ရေးဟန် သားဟန်များကို ယနေ့ခေတ် လူငယ်များ လေ့လာသောသဘောနှင့် ဖတ်ရှုခွင့်ရကြစေရန် ရည်သန်လျက် ရှေးရေးသုံးထောင့်အိုင်နှင့် မြမျိုးလွင်၏ အတွေးအခေါ် ရေးဟန်သားဟန်ကို ပြန်လည်၍ အောက်ပါအတိုင်း ဖော်ပြလိုက်ရပေကြောင်း။

mgyoe.com

*

 mgyoe.com 

## ရှေးရေး-သုံးထောင့်အိုင်

ချစ်တဲ့သူငယ်လေ… သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။ ။ တိမ်ခိုးငယ်မှဝေဝေ၊ နှောပင်ကြီး၊ နှောသီးကြွေ၊ လေတွေတိုက်လို့ ဝဲတတ်တယ်။ ။ ဥသျှစ်သီး မြေကြီးမှာမြုပ်၊ ပြာဖုံးအုပ်လို့၊ မီးဖုတ်လိုက်ရင်၊ သီးဖော်ရယ်မှ သီးဖက်၊ အပင်ထက်မှ၊ တက်တက်စင် မီးကင်သည့်နှယ် ကွဲတတ်တယ်။

စနေဂြိုဟ်စား၊ ကြိမ်ခိုက်များမှာ၊ ချားရားသစ်ပင်၊ အိမ်လှေကားတွင်၊ စိုက်ထားလျှင်မူ၊ အင်ခွင်ဥစ္စာနည်းတတ်တယ်။

ကံစက်ရေနှင့် တွင်းရေမတူ၊ ရေကမို့– ရေချိုးသူ ညှင်းဖြူပြီးပြောက်စွဲတတ်တယ်။ ။ ပဝါပြောက် အထောက်ကယ်မှ မတန်၊ မျက်နှာသစ်လို့ အညစ်ခံ၊ ဝက်ခြံမှည့်လို့ မည်းတတ်တယ်။ ။ သနပ်ခါး ကျောက်ပြားပေါ်တွင်၊ သောက်ရေအေးနှင့် ရောသွေးလာလျှင်၊ နံ့သာအပေါ် ကျဲတတ်တယ်။ ။ မိုးချုပ်ကယ်မှ နေဝင်၊ စားဖိုထဲ အမဲကင်၊ စုန်းမှင်နတ်တို့ရဲတတ်တယ်။ ။ ပန်းနီနီ မပန်လေနှင့်၊ အမယ်မှာ နတ်ပန်းပွင့်တဲ့၊ အတင့်ငယ်မှ ရဲချင်၊ ပျော်လိုအားနှင့် ခေါင်းဖျားတင်၊ အရင်လူနှင့် လွဲတတ်တယ်။

မိဘ၊ ဘိုးဘွား ဆိုစကားကို၊ နားမှုမဝင်၊ ထီမထင်ဘဲ၊ ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်း၊ ကောက်စိုက်ကယ်ပြန်၊ ထိန်ကန်တွင်းမှာ၊ လာရင်းမျက်မြင်၊ နေမလှန်းတဲ့ ပန်းလွင်လွင်ကို၊ ရှင်လို၊ မြူးလို၊ ကစားလို၍၊ ဝါဆိုဦးက ပန်ဖူးတယ်။

အမယ်မင်း၊ ဖြစ်ရလေခြင်း။ ယင်းမာရယ်ပေါ်၊ တော်သလင်းနှင့် မိုးတွင်းဝါဝင်၊ ဟိုဆောင်းဦးသို့ မကူးခင်က၊ အရင်လူနဲ့ ကွဲတတ်တယ်ရှင်။ အပျိုစင်ငယ်ကကျွမ်းပါတဲ့၊ လွမ်းတုံ့တင်လေး။ ။

အထက်ပါ သုံးထောင့်အိုင်ကား ရာဇာဓိရာဇ် ဒဂုန်သို့ချီရာ ဆီသည်နှင့်ဆေးသည်ကို ယူကြောင်းကြားသိ၍ ရာဇာဓိရာဇ်ကတော်က ရေးပို့သော အိုင်ချင်းဖြစ်ကြောင်းနှင့် ရှေးသူဟောင်းများ ရေးထားသော မှတ်တမ်းစာအုပ်များတွင် တွေ့ရသည်ဟု ဆို၏။

မြန်မာသက္ကရာဇ် ၇၄၅ ခုနှစ်ထက်မစောဘဲ ၎င်းသက္ကရာဇ် ၁၁၁၇ ခုထက်ပို၍နောက်ကျဟန်မရှိသော၊ ထိုသက္ကရာဇ် အတွင်းက အကြောင်းအရာများ ဖြစ်ခြင်းကြောင့်မှန်မမှန်၊ မှားမမှား၊ ဟုတ်မဟုတ်စသော စောဒကမျိုးကို ဝင်ရန်မှာ ကျွန်ုပ်တို့ နောက်

mgyoe.com

mgyoe.com


လူငယ်များ၏ အလုပ်မဟုတ်တန်ရာဟု သဘောရ၏။

သို့ရာတွင် ထိုခေတ်က ထိုအကြောင်းအရာနှင့် ထိုစာပေများကို ယခုခေတ်မျက်လုံးနှင့် ပြန်ကြည့်၍ ယခုခေတ် စာပေအရေးအသားမျိုးနှင့် ယခုခေတ် အယူအဆအတိုင်း ယူဆရေးသားရသော် တစ်မျိုးတစ်မည်ဖတ်စရာကောင်းနေလေမည်လားဟု တွေးမိသောကြောင့် ကိုယ့်သဘောအတိုင်း ကိုယ်ရေးကြည့်ခြင်းမျှသာဖြစ်ရာ ဖတ်သူတို့သဘောတူခြင်း၊ မတူခြင်းနှင့် ကြိုက်ခြင်း၊ မကြိုက်ခြင်းမှာ ရေးသူအပေါ်တွင် တာဝန်မတင်က သာ၍ကောင်းလိမ့်မည်ဟု သဘောရပေသည်။

ရေးက အကြောင်းများကို ယခုခေတ်သဘောနှင့် ရေးလိုသောစိတ်မှာ စာရေးသူတွင် အချိန်အတော်ကြာကပင် စွဲလမ်းဝင်စားခဲ့သည်တွင် ယခုဤစာဖြင့် ဈေးဦးဖောက်ခြင်း၌ အထက်ဖော်ပြပါ သုံးထောင့်အိုင်နှင့် ပတ်သက်၍ ရေးသားလိုခြင်းတို့သည်ကား...

မြန်မာသက္ကရာဇ် ၇၄၅ ခုနှစ်လောက်က ဖြစ်သောကြောင့် ဟိုခေတ် ဟိုအခါက အလျောက်ပင် အရီးကျေးကား သမီးကလေးတစ်ယောက်ကို ရွှေဥသလိုဥရင်း မှန်ကြည့်သည်နှင့်မခြား အရိပ်တကြည့်ကြည့်ဖြင့်ကြည့်၍ နေသူဖြစ်လေ၏။

မယ်မှုူးတွင်မူ ဗျာပါဒ်ကလေးနှင့်၊ အနို့တပ် အင်္ကျီကလေးနှင့် ခါးသေးရင်ချီပဒုမ္မနီစစ်၍နေသောကြောင့် တော်လေးဝခေတ်ကို မမီလိုက်၍သာ မယ်မှုူးဘဝနှင့် မထင်ရှားသော သာမန် မယ်မှုူးဖြစ်နေရစေကာမူ အရီးကျေး၏ စိတ်တွင်ကား ကတော်ဆယ်ပါး တစ်ပါးဝင်မည့် မယ်မှုူးပဲဟု သမီးအတွက် အားတက် မာနရောက်နေလေ၏။

ထို့ကြောင့် ကတော်ခံမည့်သူမှာ ကတော်အင်္ဂါလက္ခဏာရှိမှသာ ကတော်ပီသနိုင်သည့်အတွက် ကတော်တို့ တတ်ထိုက်၊ သိနားလည်ထိုက်သော အသိအလိမ္မာဉာဏ်များကို ပြည့်ပြည့်ဝဝကြီး ရှိနိုင်စေရန် ရည်ရွယ်၍ မပြတ်တစေ သင်ကြားပေးလေ့ရှိရာ၌...

"မှုူး... ရေ"

"တော်..."

"အိမ်ရှေ့ နှောပင်ကြီးက နှောသီးများ ကြွေတာမြင်သလား..."

"ခွန့်နကတင် ကြွေသ မေရေ့"

"နှောသီးကြွေရင် လေပွေတိုက်တတ်တယ်အေ့၊ မောင်းစင်က ဆန်ကောတို့၊

mgyoe.com

mgyoe.com


ဆန်ခါတို့ကို သိမ်း...၊ ထဘီများ၊ အဝတ်များလှန်းထားတာရှိရင်လည်း ရုပ်၊ သောက်ရေအိုးတို့၊ မီးဖိုဆောင်က ထမင်းအိုး၊ ဟင်းအိုးတို့ကိုလည်း ဖုန်မဝင် မြူမဝပ်ရအောင်အုပ်... ကြားရဲ့လား... လုပ်ထားလိုက် သမီးရေ့" ဟု ဆိုသည်နှင့် မယ်မှုံသည် မိခင်မှာသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်နေစဉ် တိမ်ခိုးတွေ ဝေရာက လေပွေတိုက်လာသောကြောင့်...။

"ဟုတ်သမေရေ့၊ မေမှာတဲ့အတိုင်း... လေပွေ ဝိုင်းလာမှကော... ပြောရင်း... ဆိုရင်း ပြင်းလိုက်တဲ့ လေ... ဖုတ်မှုန့်တွေ ထောင်းထလို့..." ဟု ပြောပြီးလျှင် အရီးကျေးရှိရာအိမ်ထဲသို့ ပြေးဝင်လာရကား ပြင်းထန်သော လေပွေသာလျှင် ဗရချာယမ်း၍ ဒိုင်ဗင်ထိုးရင်း ကောင်းကင်ဘက်သို့ ထိုးတက်ပျောက်ကွယ်သွားလေ၏။

"မှုံရေ..."

"တော်..."

"နင့်အသီး... ဘာသီးလဲ ဟဲ့..."

"ဥသျှစ်သီး... မေ့..."

"နောက်ဖေးပင်ကလား..."

"ဟုတ်..."

"ဒီနှစ်တော်တော်သီးရဲ့လား..."

"ပြွတ်လို့..."

"ကောင်းပါလေ့အေ... သီးကြပါစိဟဲ့... ဒီဥသျှစ်သီးကိုလေ... ပြာပူမအုပ်... မီးမဖုတ်လေနဲ့နော်၊ မြန်မြန် မှည့်စေချင်ရင် အဝတ်နဲ့သာ ထုပ်ထား ကြားလား..."

"ဟုတ်ကဲ့မေ့... ပြာပူအုပ်၊ မီးဖုတ်တော့ ဘာဖြစ်တတ်လို့လဲ..."

"အပင်ပေါ်မှာရှိတဲ့ သီးဖော်သီးဖက်တွေဟာ တက်တက်စင်အောင် ကွဲတာကွဲ၊ အက်တာအက်နဲ့ အကုန်လုံး ပစ်ရတတ်တယ်အေ့... မှတ်ထား..."

"သြော်... ဟုတ်လား၊ ဆန်းပြားလိုက်တာနော်၊ ဘယ့်နှယ် ဓာတ်ပါလိမ့်၊ အကုန် ကွဲအက်ကုန်တယ်လို့..."

"အေး... သမီးရဲ့... အဲဒါမှတ်ထားနော်... မသေမချင်း မှတ်ထား..."

"ဟုတ်..." ဟုဆိုပြန်လေသဖြင့် အရီးကျေးကား သမီးကလေး လိမ္မာပုံကို အားရကာ ပြုံး၍ ကြည့်နေသည်ကို တွေ့ရလေ၏။

တစ်နေ့သော် မယ်မှုံသည် ရွာပြင်သို့ထွက်၍ ဟင်းရွက်ခူးရာမှ အပြန်တွင်

mgyoe.com

mgyoe.com


ချရားပင်ငယ်တစ်ခုကို တွေ့သဖြင့် ချရားပွင့်သည့်အခါ အလွယ်တကူ ပန်ရစေခြင်းငှာ ယူလာသည်ကို အရီးကျေး မြင်လေသော်...

"မှူးငီရေ..."

"တော်..."

"ဟင်းရွက်အပြင် ညည်းလက်ကဟာ ဘာပင်ပါလိမ့်..."

"ချရား မေ့..."

"ဘယ်နေရာစိုက်ဖို့"

"အိမ်လှေကားပေါ့မေ့..."

"မလုပ်နဲ့အေ... တစ်နေ့ကတင် ဗေဒင်ဆရာက စနေအစီးမလွတ်ဘူးလို့ ဟောသွား... ညည်းမကြားလား..."

"စိုက်တော့..."

"စနေကြိမ်... အိမ်လှေကား... ချရားစိုက်၊ မိုက်သထက်မဲ၊ မွဲသထက်ပြောင်... ဆင်းရဲတောင်တာရှည်၊ ဥစ္စာတွေ နည်းတတ်တယ်အေ့..."

"သြော်... ဟုတ်လား... ဒီလိုမှန်းက မသိမိ၊ အမိုက်မ စိုက်ပါ့မလားမေ့၊ လွှင့်ပစ်ပေါ့..."

"အေး... မှတ်ထားနော်..." ဟု ဆိုပြန်သဖြင့်...

"ဟုတ်" ဟု ပြောကာ၊ ချရားပင်ကို သွားထားလျက် အိမ်ပေါ်သို့ တက်သွားသောကြောင့် အရီးကျေးလည်း သမီးကို မျက်စိတစ်ဆုံး ကြည့်ရာက ကျန်နေရစ်ခဲ့ပြန်လေ၏။

ခဏကြာသော် မယ်မှူးသည် ထဘီရင်ရှားနှင့် အိမ်ပေါ်မှတစ်ဖန် ပြန်ဆင်းလာလေရကား။

"မှူးရေ..."

"တော်..."

"ဘာလုပ်မယ်..."

"ရေချိုးမလို့ မေ့..."

"ဘယ်က ရေ..."

"သောကြာနေ့က မိုးတွေရွာ... တံစက်ကြောင်းက ဖြောင်းဖြောင်းလာ... အိုးတွေမှာ ပြည့်တဲ့ရေနဲ့..."

mgyoe.com

mgyoe.com


"ဟယ်... တယ်မိုက်၊ မချိုးလိုက်နဲ့..."

"ဘာဖြစ်လို့..."

"ညှင်းစွဲတတ်လို့..."

"ဩော်... ဟုတ်လား..."

"အေး... မိုးလည်းမိုး၊ တံစက်လည်းတံစက်ကကျ၊ ချိုးလည်းချိုးတော့၊ ချိုးသူ ညှင်းဖြူပြီးပြောက်စွဲတတ်တယ်၊ သမီးချောအလှ ပျက်မှဖြင့် ခက်နေပါ့မယ်၊ တွင်းက ရေသာ ချိုးနေကျ ချိုးလေပါ..."

"မသိလို့ပါ မေ့..."

"မသိရင် ကုန်စင်အောင် နားထောင်... စုံအောင်ပြောထားမယ်..."

"ပြောတော်မူ နာယူဖို့အသင့်ပါ မေ့"

"ရေချိုးပြီးရင် မျက်နှာသုတ်၊ သုတ်တဲ့ပဝါလည်း မညစ်ပေရ၊ ပဝါညစ်ရင် မသုတ်ဘဲထားရင် ဝက်ခြံမှည့်လို့ မည်းတတ်တယ်...၊ ရေချိုးပြီးလို့ သနပ်ခါးလိမ်းရင် ကျောက်ပျဉ်ပေါ်မှာ သောက်ရေအေးနဲ့ သနပ်ခါး မသွေးနဲ့..."

"သွေးတော့..."

"သနပ်ခါးအနှစ်မရဘဲ နံ့သာကျဲတတ်တယ်၊ သုံးရေတစ်ခုခုနဲ့သွေးမှ အနှစ် စုပြီး အသားနုတယ်..."

"မှတ်ထားရဦး..."

"အနို့ ပြီး... စားဖို့ထဲ အမဲသား ငါး ကင်ထားရှိက မိုးချုပ်နေဝင် မတိုင်ခင် လျှင်လျှင် ဦးအောင်သိမ်း၊ မိုးချုပ်နေဝင် အချိန်တွင်လည်း ကင်လေ့ကင်ထ မလုပ်ရ"

"ဘာဖြစ်လို့"

"စုန်းမှင်နတ်တို့၊ ရဲတတ်လို့"

"အို... ဟုတ်လား... ကြောက်စရာကြီး... ဒီလိုဖြင့် မှူး မလုပ်"

"ရေချိုး၊ သနပ်ခါးလိမ်းပြီးလို့ ပန်းပန်ရင်လည်း နီရဲရဲကို အမြဲရှောင်"

"ဆိုပါဦး..."

"နတ်ပန်းလို့ ခေါ်တယ်၊ အတင့်ရဲရင် ချစ်သူနဲ့ လွဲတတ်တယ်..."

"ခေါင်ရန်းတို့၊ နှင်းဆီ အနီတို့လား မေ့"

"မှူးရေ..."

"တော်..."

mgyoe.com

mgyoe.com


"ပန်းနီနီမှသာ နတ်ပန်းလို့ခေါ်တာ မဟုတ်ဘူးနော်၊ မိဘမသိအောင် ချစ်သူ ရည်းစားထားတာကိုလည်း နတ်ပန်းပန်တယ်လို့ ခေါ်တယ်၊ ကြားလား...။ ဒါ့ကြောင့် လိမ္မာတဲ့ သမီးမှန်သမျှ နတ်ပန်းဆို ဘယ်ပန်းမှ မပန်ကြဘူး။ ပျော်ချင်တဲ့ စိတ်နဲ့ အတင့်ရဲပြီး ခေါင်းဖျားတင်ရင် အပူရင်ဆိုင်တွေ့တတ်လို့ အမယ်မှာတဲ့ နတ်ပန်းပွင့် မှန်သမျှ ဝေးရာကရှား သတိထားရှောင်တတ်မှ မိန်းမမြတ်၊ သမီးလိမ္မာ ပီနိုင်တယ် မှူးရေ...၊ မြဲမြဲ မှတ်ထားနော်...၊ ကြားလား..." ဟု ဆိုသဖြင့် ဤတစ်ကြိမ်တွင်မူကား... မှူးမှာ "ဟုတ်" ဟု လိုက်ရိုးလိုက်စဉ်လိုက်ကာ ပြန်၍ ထူးလိုက်သော်လည်း စိတ်လေး သွားသော အရိပ်နိမိတ်လက္ခဏာတို့မှာ ၎င်း၏ မျက်နှာပေါ်တွင် ကြည်လင်နေသော ကောင်းကင်ပြင်ဝယ် တိမ်ထပ်ကြီး ဝဲလာသလို ညို့ခနဲဖြစ်သွားသည်ကို တွေ့လိုက်ရ လေ၏။

အကြောင်းကိုဆိုသော် ရွာအနောက်ဖျားက သူကြီးမင်းနှင့် ဆွေမျိုးနီးစပ်တော်ပြီး လျှင် သူကြီးတူ သူကြီးတူဟု လူတကာခေါ်ဝေါ်နေကြသူ မောင်ဝဏ္ဏနှင့် စက္ခုရူပေန သံဝါသကြသည်မှာ သားသမီးတွေ အမြောက်အမြား ပေါက်ဖွားပြီးနှင့်သောကြောင့် ဖြစ်လေ၏။

ရည်းစားသည်နတ်ပန်း၊ ရည်းစားထားခြင်းကို နတ်ပန်းပန်သည်ဟု ဆိုခြင်း ကိုလည်း မိမိလုံးလုံးမသိ၊ ကိုယ့်သဘောနှင့်ကိုယ် ချစ်ခြင်း၌ အတင့်ရဲစွာ ပျော်လိုအားနှင့် ခေါင်းဖျားတင်သည်ဟု အစွပ်စွဲခံရမည်ကိုလည်း မရိပ်မိ။ တစ်လောက ပျော်ပျော်ရှိ သည်နှင့် မောင်းထောင်းရင်း 'ကျွန်းတုံးကြောင်လျှောက်" ဟု ကျီစယ်လိုက်မိရာတွင် မောင်ဝဏ္ဏကလည်း 'စံပယ်ဖြူပန်လို့' ဟု ပြန်ပြောသွားရာကအစပြု၍ တစ်ယောက်ကို တစ်ယောက် ပြုံးသောမျက်လုံးနှင့်ကြည့်မိ ကြည့်မိနေပြီးလျှင် စိတ်ထဲတွင် အမြဲလိုလို သတိရနေခြင်းအတွက် ဖြစ်လေ၏။

ထို့ကြောင့် တွေးရင်း တွေးရင်း ရှက်ယောင်ယောင်ဖြစ်လာကာ "ဟုတ်ကဲ့မေ့...၊ မှတ်ထားရတာပေါ့..." ဟု ဆို၍ ရေတွင်းရှိရာဆီသို့ ဦးတည်ထွက်လာသည့်အတွက် သမီးအကြောင်းကို မသိရှာသော အရီးကျေးတွင်ကား ပြုံးပြုံး ပြုံးပြုံးနှင့် ကြည့်ရင်း ကျန်နေရစ်ခဲ့လေ၏။

မယ်မှူး၏စိတ်တွင် အရီးကျေးမှာသမျှကို အမြဲမှတ်မိ၏။ သိလည်းသိ၍ လိုက်လည်း လိုက်နာလေ၏။ သို့သော်လည်း နတ်ပန်းပန်ခြင်းတည်းဟူသော မောင်ဝဏ္ဏကိုကား စိတ်တွင် စွန့်ပယ်၍မရသောကြောင့် တစ်ခါတစ်ရံ ရင်လေးသလိုလို

mgyoe.com

mgyoe.com


ရှိသော်လည်း တစ်ခါတစ်ရံတွင် ပျော်သယောင်ယောင် ဖြစ်နေသည့်အတွက် အဆုံးဖြတ်ရန် ခက်ရင်းနှင့် နေ့ရက်တို့ ကုန်မှန်းမသိ ကုန်လာခဲ့လေ၏။

သို့ဖြင့် တစ်ရာသီမှ တစ်ရာသီသို့ ကူးပြောင်းရာက နယုန်မိုးသေး မြက်သားမွေး ဟူသော ရာသီသို့ ရောက်လာခဲ့လေ၏။ ကောင်းကင်အာကာတစ်ခိုတွင် ရွာမလိုလိုနှင့် တိမ်ညိုတွေသန်း၍နေသည်မှာ လွမ်းစရာကြီးဖြစ်ဘိသကဲ့သို့ မှတ်ထင်ရလေ၏။ မယ်မှူးတို့ အပျိုတော်တစ်သိုက်ကား ကောက်စိုက်ဆင်းရန် ပြင်ဆင်စပျိုးကြလေ၏။ မောင်ဝဏ္ဏတွင်မူ မိမိအရေး အခွင့်ကြုံပြီဖြစ်၍ ပလွေကလေး တပြင်ပြင်ဖြင့် 'မန်ကျည်း ရယ်တဲ့ ခုနစ်စဉ်' ဆိုသော တေးကို အကွက်ဆိုက်အောင် လေသွေးစ ပြုလေ၏။ သို့နှင့် တစ်နေကုန် တစ်ရက်ပြောင်းကာ ဝါဆိုလသို့ ရောက်၍လာလေသတည်း။

နေကလေးအနောက်ဘက်သို့ စောင်းလေလျှင် မယ်မှူးသည် အဖော်များကို နောက်ချန်နေရစ်ကာ လယ်ကန်သင်းရိုးများကို ဖြတ်လျက် ရွာဘက်သို့ မျက်နှာမူပြီး လျှင် တဖြည်းဖြည်းလျှောက်၍ လာလေ၏။ မန်ကျည်းရယ်တဲ့ ခုနစ်စဉ် ခုနစ်စဉ်၊ ဟိုပင်သည်ပင် လျှောက်ပါလို့၊ ဟိုပင် သည်ပင် လျှောက်ပါလို့... ဟူသော ပလွေသံ ကလေးသည်ကား မိမိမို့ ပြန်လျှင် ကြားနေကျအတိုင်း ထိန်ကန်တွင်းဆီမှ သာယာ သော ညနေစောင်း လေပြည်ကိုစီးကာ အိခနဲ အိခနဲ ထွက်ပေါ်လာပြီးလျှင် နားဝ၏ အရသာတစ်မျိုးကို အသုံးတော်ခံသောကြောင့် ရွှေလည်တိုင်ဖော့ရိုး ကျိုးမတတ် ဆန့်ရင်း လှမ်းကြည့်သည်ကို တွေ့မြင်ရလေ၏။

ထိုပလွေသံမှာ မောင်ဝဏ္ဏဖြစ်သည်ကိုသိလေ၏။ ကောက်စိုက်ဆင်းကတည်း က ထိန်ကန်မှ စောင့်လေ့ရှိသည့်အတွက် အဖော်များနှင့် တမင်ခွဲကာ နောက်ကျ၍ ပြန်ခြင်းဖြစ်လေရာ နောက်ကျခြင်းမှာ မောင်ဝဏ္ဏနှင့် တွေ့ရန်မှတစ်ပါး အခြား အကြောင်းမရှိသည်ကို အဖော်များ မရိပ်မိကြသည့်အတွက် လွတ်လပ်ခွင့်ရသလိုဖြစ်၍ နေလေ၏။

တဖြည်းဖြည်း လျှောက်လာခဲ့သဖြင့် ရွာမြောက်ဘက်ရှိ ကြို့ပင်ကြီးကို လှမ်းမြင် ရသောအခါ ပိတောက်ပင်ကိုလွန်လာပြီဖြစ်သည့်ပြင် ညောင်ပင်ရင်းတွင် ထိုင်နေသော မောင်ဝဏ္ဏကိုပင် ကိုယ်လုံးပေါ် မြင်ရပြီဖြစ်၍ ဝမ်းသာအားရတိုင်း ခြေလှမ်းကလေး ကျဲလျက် သွက်လက်လာသည်ကို တွေ့ရလေ၏။

"ကောင်းပါ့တော်... ပလွေသံကလေးက... တယ်ချို"

"သာတောင် ရေမချိုးခဲ့သေးဘူး..."

mgyoe.com

mgyoe.com


"ရယ်တော့လား"

"ရယ်ချင်ရယ်... မရယ်ချင်နေ၊ လုံမသဘောပေါ့"

"မရယ်လိုပါဘူးတဲ့တော်..." ဟု ဆို၍ မယ်မှုံးသည် ဝဏ္ဏအနီးတွင် ဝင်၍ ထိုင်လေ၏။

ပုဆိုးတစ်ပတ်ခန့် ကြီးမားသော ညောင်ပင်ကြီးသည် ၎င်းတို့နှစ်ဦးအား လူမမြင်နိုင်ရန် လွင်ပြင်ကိုပိတ်ဆို့ ကာကွယ်ပေးထားလေ၏။ လေတဖြူးဖြူး တိုက်ခတ်သည့် အထဲတွင် ရွာဦးဘုရားမှ ဆည်းလည်းသံကလေးတို့သည်လည်း သာယာစွာ လွင့်ပါလာကြလေ၏။ အဝေးသို့ လှမ်းကြည့်သော် မြက်စားနေကြသော နွားတစ်ကောင်တလေ မြင်ရလေ၏။ တစ်ခါတစ်ရံတွင် တစ်ယောက်တလေ ခပ်လှမ်းလှမ်းမှ ဖြတ်သန်းသွားသော လူတို့ကို ကြည့်ရခြင်းသည်လည်း ပျော်စရာလို ဖြစ်၍နေလေ၏။ ထိုအတွင်း တိမ်တောက်နေသည်မှာ လူ့ပြည်တွင်ရှိသော လောကနိဗ္ဗာန်သို့ ရောက်ရသည်နှင့်မခြား မှတ်ထင်ပျော်ပိုက်ကာ နှစ်ကိုယ့်တစ်စိတ် အဖြစ်ကျစ်နေအောင် ပွေ့ဖက်ထားကြရင်း ငြိမ်သက်တိတ်ဆိတ်နေကြသည်ကို တွေ့ရလေ၏။

ခဏကြာသော် နေမင်းသည် အနောက်ဘက်ကောင်းကင်ထဲသို့ ဖောက်ထိုးဆင်းသွားလေ၏။ လောကကြီးမှာ အရောင်တွေမှိန်ကာ မှောင်ထဲတွင် နစ်မှန်းမသိတဖြည်းဖြည်း နစ်ဝင်သွားလေ၏။ မယ်မှုံးနှင့် ဝဏ္ဏတို့ကား သတိမေ့နေကြသလားမသိ၊ ထိုင်ရာမှ မထသေးဘဲ ငေးမောတွေဝေနေကြလေ၏။

"လုံမ..."

"တော်..."

"ပန်း ပန်နော်..."

"သစ္စာပန်းလား..."

"သစ္စာပန်းလည်းခေါ်ချင်ခေါ်၊ နေမလှန်း တဲ့ ပန်းလည်းခေါ်၊ နတ်ပန်းလို့လည်း ခေါ်နိုင်ရဲ့"

"မတော်တာ သရော်ကောင်းပါဘူး"

"အသက်ပေးတယ်ဆို..."

"အသက်သာပေးနိုင်တယ်၊ ပန်းတော့ဖြင့် မပန်ချင်..."

"ပန်ပါခင် ရှင်လိုမြူးလို၊ ကစားလို ဝါဆိုဦးမို့ ပန်စို့ကွယ်...၊ ပန်မယ်... ပန်မယ်..." ဟု ဆိုကာ မောင်ဝဏ္ဏသည် မှောင်စပြုသောအချိန်ကို အားကိုးကာ အတင့်ရဲ

mgyoe.com

mgyoe.com


လေ၏။ မယ်မှူးကမူ ရှန်းလေ၏။ သို့သော်လည်း အားမတန်သဖြင့် မာန်လျှော့ရလေသလားမသိ။ မယ်မှူး၏ ကြိုးစားချက်သည် အချည်းနှီးဖြစ်ကာ ဝဏ္ဏ၏လက်တွင်းမှ မထွက်နိုင်အောင် ဖြစ်လေ၏။ ခဏကြာသော် ချစ်သူချင်း နပန်းလုံးသော အသံတစ်ခုသည် မှောင်ထဲမှ ထွက်ပေါ်လာသည်ကို ကြားရလေ၏။ ငြိုးသူရန်ဘက်ချင်း လုံးထွေးသည် မဟုတ်ဘဲ ချစ်ကြည်သူချင်း အားပြိုင်သောကိစ္စဖြစ်၍ ထွက်ပေါ်လာသော အသံတို့မှာ ကြောက်လန့်ဖွယ်၊ အသည်းထိတ်ဖွယ်မဟုတ်ဘဲ တိတ်တဆိတ် ရှိုက်သံနှင့် ကျိတ်၍တောင်းပန်သံတို့သာ ဖြစ်လေ၏။

လရောင်ကလေး အရှေ့ဘက်မှ ထွက်ပြူလာသောအခါ မယ်မှူးတွင် ဗျာပါဆံကလေးများဖွာလျက် မျက်ရည်ဝိုင်းသော မျက်လုံးနှင့် မောင်ဝဏ္ဏက တတွတ်တွတ် တောင်းပန်စကားပြောရင်းနှင့် ရွာဘက်သို့ မျက်နှာမူကာ တဖြည်းဖြည်း လျှောက်သွားနေကြသည်ကို တွေ့မြင်ရလေ၏။

သို့သော်လည်း ထိုအဖြစ်မှာ တဒင်္ဂပဟာန်မျှသာကြာလျက် နောက်ရက်နောက်ရက်များတွင်ကား နေမလှန်းတဲ့ ပန်းလွင်လွင်ကို ပျော်လို၊ မြူးလို၊ ကစားလို၍ ဝါဆိုဦးက ပန်ဖူးသည်မှာ တွေးလိုက်တိုင်း ပျော်စရာပါတကားဟု သဘောထားသည်နှင့်မခြား၊ မယ်မှူး၏ မျက်နှာကလေးသည် ဖိုးရွှေလသာသလို ပြုံးချိုကြည်လင်နေသည်ကို အမြဲတမ်းလောက် တွေ့မြင်နေရခြင်းအတွက် ဖြစ်လေ၏။

အရိုးကျေးကား သမီးလိမ္မာကို စကားကုန်မှာပြီးဖြစ်၍ ထိုအကြောင်းတို့ လုံးလုံးမရိပ်မိ၊ မယ်မှူးတွင်သော်… နေမလှန်းတဲ့ ပန်းလွင်လွင်ကို နတ်ပန်းပွင့်မို့ အတင့်မရဲသင့်ဟု တားမြစ်သည်မှာ ကိုယ်ချင်းမစာတဲ့ အမေဟု တွေးကာ စိတ်ထဲက ကျိတ်၍ဒေါပွနေလေ၏။

သို့သော်လည်း သီတင်းကျွတ်ပြီး၍ ရက်အနည်းငယ်ကြာသောအခါ အရှေ့ရွာက သူကြီးသမီးနှင့် မောင်ဝဏ္ဏတို့ ထိမ်းမြားမင်္ဂလာအကြောင်းကို ဖိတ်ကြားသောရွာဆော်၏ အေးစက်စက်အော်သံသည် လူတိုင်းကို ပြုံးရယ်စေကာ အုတ်အုတ်အုတ်အုတ် တစ်ရွာလုံး ဆူညံလာသော်လည်း မယ်မှူး၏ နားတွင်ကား… မိုးကြိုးသွား အနက်ခံရသည်နှင့်မခြား၊ စူးဝင် ဖောက်ထွင်းသွားပြီးလျှင် အိပ်ရာတွင်သာ ပစ်လှဲလျက် တိတ်တဆိတ်ကျိတ်၍ ငိုရှာလေ၏။

မိမိနှင့်ဖြစ်ပုံမှာ မည်သူမျှမသိသဖြင့် မည်သို့မျှမဖော်နိုင်ခြင်းသည် တစ်သက်လုံး ငိုပွဲဆင်ရအောင် ဖန်တီးသလိုဖြစ်၍နေလေ၏။ အမိုက်မ… အမိုက်မ… နင်မိုက်လို့

mgyoe.com

mgyoe.com


ကြုံရသဟဲ့ဟူသော ကြုံးဝါးသံမှာလည်း လူကြားအောင် အသံမဖော်ဝံ့ရှာဘဲ၊ အံခဲ၍သာ ဟီးတိုက်ရလေတော့၏။ ရင်ထဲမှ အလှိုက်အလှိုက်ထသော ဆွေးလုံးတို့သည်လည်း လူသိအောင်မငိုနဲ့ဟု အပြင်းအထန် အမိန့်ထုတ်နေသည်နှင့်မခြား ကြုံရရှာလေတော့၏။ မောင်ဝဏ္ဏတွင်ကား အစားရထားသူဖြစ်၍ ပြုံးနိုင်သည်ကို တွေ့ရလေသတည်း။

တစ်စတစ်စ ရက်ကုန်လာလေ၏။ မယ်မှူးတွင်ကား ဘယ်သူမျှမသိလိုက်သော မိမိအပူအတွက် လူမမြင်သောနေရာသို့ရောက်တိုင်း မျက်ရည်နှင့်မျက်ခွက်ဖြင့် ရက်တို့ကို ဖြုန်းမှန်းမသိ ဖြုန်းပစ်နေစဉ်မှာပင် ဆောင်းဦးကလေးပေါက်လာသော တစ်နေ့တွင်သော် အိမ်နီးချင်း မိန်းမပျိုကလေးဆိုသော သုံးထောင့်အိုင်သံကို ကြားရသည်မှာ...

> မိဘ၊ ဘိုးဘွား ဆိုစကားကို၊ နားမျှမဝင်၊ ထိမထင်ဘဲ၊ ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်း၊ ကောက်စိုက်ကယ်ပြန်၊ ထိန်ကန်တွင်းမှာ၊ လာရင်းမျက်မြင်၊ နေမလှန်းတဲ့ ပန်းလွှင်လွှင်ကို၊ ရှင်လို မြူးလို၊ ကစားလို၍၊ ဝါဆိုဦးက ပန်ဖူးတယ်။
>
> အမယ်မင်း၊ ဖြစ်ရလေခြင်း။ ယင်းမာရယ်ပေါ်၊ တော်သလင်းနှင့်၊ မိုးတွင်းဝါဝင်၊ ဟိုဆောင်းဦးသို့၊ မကူးခင်က၊ အရင်လူနဲ့ ကွဲရတယ်ရှင်။ အပျိုစင်ငယ်ကကျွမ်းပါတဲ့၊ လွမ်းတုံ့တင်လေး။ ။

ဟု စိတ်ပါလက်ပါ ချွဲချွဲနွဲ့နွဲ့ ဆိုနေလေရကား၊ ဆိုသော မိန်းမပျိုမှာ အကြောင်းကို ဘာမျှမသိရရှာသော်လည်း မယ်မှူးတွင်ကား အဆွေးကို ဆွသကဲ့သို့ ဖြစ်သောကြောင့် မိဘစကားကို နားမထောင်ခြင်း၏ ကြီးစွာသော အပြစ်ဒဏ်ကို မျက်ရည်နှင့် မျက်ခွက်ဖြင့်သာ ခံရရှာတော့မလို ဖြစ်နေသည်မှာ သနားစရာ ကောင်းပါဘိတော့တကား။ ။

ပြန်လည်ဖော်ပြသော မြမျိုးလွင်၏ 'ရှေးရေးသုံးထောင့်အိုင်' မှာ ဤတွင် အဆုံးသတ်ပေ၏။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၉။

❑

mgyoe.com

mgyoe.com

## ဆောင်းပါးအမှတ် ၃

ယှဉ်တိုင်းကွာ မတုပကြနဲ့ နုသမျှဆန်းကြယ်။ ရှုမဝနန်းအလယ်မှာ... ပန်းစံပယ်တော်ဝင့်...။ ဟူ၍ တေးထပ်တစ်ပုဒ် အချပိုဒ်ဖြစ်သော "လေး" သို့ အရောက် မြမျိုးလွင်နှင့် မောင်ကျော်တို့ ဆက်လက်ကာ အစပ်အဟပ် ကာရန်အထပ်တို့ စိတ်ကူး ထုတ် ဉာဏ်ပွားပညာသားပါအောင် ရေးကြလော့ဟု ကဗျာဆရာကြီး ရေနံချောင်း သျှင်သန်းမေက သူကိုယ်တိုင် ပထမပိုဒ်ကို စတင် စပ်ဟပ်ပေးလိုက်ခြင်း ဖြစ်၏။

မြမျိုးလွင်ရော မောင်ကျော်ပါ ရှေ့သို့ဆက်ရေးရန် ကာရန်ရှာမရကြ။ မရသော အကြောင်းမှာလည်း ဆရာကြီး သျှင်သန်းမေက ဤတေးထပ်ကို ဖွဲ့ဆိုရန်မှာ ကာရန် ရှာရာ၌ ဟိုက ဒီက ဖြစ်ကတတ်ဆန်းတွေ သွင်းမလာရ။ မဆီမဆိုင် လက်ပံသား စားနှင့် ချိုင်တာမျိုးတွေ မလိုချင်။ ဆီတစ်ပုလင်း အပိုထားပြီး ညီရင်းအစ်ကို မခြား ဆိုသော ကာရန်မျိုးများ နားမှ လေသံ မကြားလို...။

"မမလေးတဲ့ ပန်စရာ၊ ပျိုတို့မောင် တောင်ပေါ်ရိုးက ပန်းချိုးလို့လာ" တြိချိုး ကို ကာရန်ချဲ့၍ဖွဲ့ပြဖူးသော နည်းမျိုးဖြင့် ယခုတေးထပ်အတွက် ပင်မရေစီးအဖြစ် ပလ္လင်ခံရာ မူလဒွေးချိုးမှာ...

ပန်းစံပယ်၊ နန်းအလယ် မပေါ်ခိုက်ဟာမို့၊ အလိုက်တော်တန်သင့်

mgyoe.com

mgyoe.com


အောင်ပ၊ ခံပွင့်ကိုကုံး...။ ပန်းစံပယ် နန်းအလယ် တကယ်လှိုင်တော့...

ခံပန်းခိုင် ယာယီ ရွှေ့ရတယ် (ကွယ်) တောလေ့ ရွာသုံး...။ ဆိုသည်ကို ကာရန်ကောင်းကောင်း၊ အဓိပ္ပာယ် အပြည့်အဝဖြင့် တေးထပ်တစ်ပုဒ် အစအဆုံး ဖြစ်လာအောင် ရေးစပ်ပြပါဟူ၍ လေ့ကျင့်ခန်းပေးအပ်ရင်း၊ ခံပွင့်၏သဘော၊ စံပယ်ပန်း၏ သဘာဝ၊ ခံပွင့်နှင့် စံပယ်ပန်းတို့၏ အလှမ်းကွာခြားပုံတို့ကို ကာရန်ရှာနိုင်ရေး၊ တွေးကွက် ရေးကွက်ရအောင် အဆစ်အဆွက် လက်ဆောင်တွေ တစ်ပုံကြီးပေးကာ ပေါက်စ ကဗျာဆရာကလေးတွေ ဖြစ်စေချင်သော စေတနာဖြင့် မြေတောင်မြှောက်ပေး ခဲ့ဖူးသော ကဗျာဆရာကြီး ရေနံချောင်းသျှင်သန်းမေ၏ ကျေးဇူး မြမျိုးလွင်နှင့် မောင်ကျော်တို့အပေါ်တွင် ရှိခဲ့ဖူးသည်ကို ယနေ့တိုင် မမေ့ကြပါ။

တေးထပ်တစ်ပုဒ်ဖြစ်မြောက်လာရေးအတွက် မြမျိုးလွင်နှင့် မောင်ကျော်တို့ ၁၀ ရက်ခန့် ကြိုးစားသော်လည်း စိတ်ကြိုက်ကာရန် ရှာမရခြင်းကြောင့် နောက်ဆုံးတွင် နှစ်ဦးသဘောတူ...။

ကွာချင်တိုင်း ကွာ ကွ ကွာတယ်၊ ဟာ ဟ ဟာ ဟားတိုက်စို့လေး။

ဟု အစနှင့်အဆုံးသာရှိ၍ ခါးလယ်တွင် ဟာလာဟင်းလင်းဖြစ်သော တေးထပ် ကို ခေါက်သိမ်းလျက် ကဗျာကို တီးမိခေါက်မိချင်သော ဝါသနာအတွက် ရှေ့မဆက်ရဲ ကြတော့ဘဲ ခေတ္တပြည်ဖုံးကား ချထားခဲ့ကြရဖူး၏။

ကဗျာကို ရေးချင်သလို မရေးတတ်သည့်အတူတူ၊ ရှေးဟောင်းမြန်မာစာပေကို ခေတ်သုံးစကားပြေနှင့် မြန်မာစာကို မြန်မာလိုဘာသာပြန်ဆို ရေးသားခြင်းဖြင့် ရှေးရေး သုံးထောင့်အိုင်ကို ဝတ္ထုဇာတ်လမ်းကလေးတစ်ပုဒ်ဖြစ်လာအောင် ရေးသားကာ (မြမျိုး လွင်၏ စာတိုစာစ) အမည်ရှိ စာအုပ်တွင် ထည့်သွင်းရိုက်နှိပ်၍ အဖိုးငွေ ၁၂ ပဲနှင့် ထုတ်ဝေလိုက်ရာ စာအုပ်ရေ ၃,၀၀၀ မှာ ရက်ပေါင်း ၂၀ အတွင်း ကုန်သွား၍ ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရန် ပြင်ဆင်ရပါလေတော့သည်။

"စာတိုစာစ" စာအုပ်မှာ ကရောင်း ၁၆ ချိုး အရွယ်၊ စာမျက်နှာ ၂၀၆၊ ပန်းချီ အုန်းလွင်၏ မိန်းမရုပ်မပါ၊ အက္ခရာစာလုံးများကိုသာ ရောင်စုံခြယ်ထားသော အဖုံးနှင့် မန္တလေးမြို့နာမည်ကြီး ပြည်ညွန့်စာအုပ်တိုက် ဦးအောင်ညွန့်က ထုတ်ဝေခြင်းဖြစ်၏။

ထိုခေတ်ကလည်း မြန်မာပြည်အမြို့မြို့ရှိ စာအုပ်ကိုယ်စားလှယ်များမှာ စိန်ကိုယ်စားလှယ်၊ ရွှေကိုယ်စားလှယ်များပင် ဖြစ်ခြင်းကြောင့် စာအုပ်၏ တန်ဖိုးကို တစ်ဝက်ဈေးနှင့် ရောင်းပါမှ ငွေလက်ငင်း ပေးချေဝယ်ယူခြင်းကြောင့် ထုတ်ဝေသူ

mgyoe.com

mgyoe.com

တိုင်းက ငွေလက်ငင်းရရှိရေးအတွက် တစ်ဝက်ဈေးနှင့် ဦးညွတ်ကြရ၏။

သက္ကရာဇ်ကို လည်ပြန်ကြည့်သော် ၃၅ နှစ် ၄၀ ကာလဆီက ဖြစ်၍ လူလူချင်း ခေါင်းပုံဖြတ်သည်၊ အရင်းရှင်စနစ်၊ သွေးစုပ်ကောင်စသော စကားလုံးများ သုံးနှုန်းခြင်းမရှိကြသေးသော်လည်း သူ့ခေတ်နှင့်သူ တွင်ကျယ်လျက်ရှိသော ဗန်းစကားမှာ...

"လိပ်ကျင့် လိပ်ကြံပါပဲကွာ၊ မြင်မြင်သမျှ ရင်ဘတ်အောက်ချည့် ယက်သွင်းနေတာပါပဲ" ဟု ထိုသူကွယ်ရာ၊ ထိုသူမကြားရာတွင် ပြောလေ့ပြောထရှိလျက် သင်္ကေတသဘောနှင့် သုံးနှုန်းသောအခါ "လိပ်ပါပဲကွာ" ဟု ပြောလျှင် လူတိုင်းသဘောပေါက်လျက် ပြုံးကြကုန်၏။

ပုံနှိပ်ထုတ်ဝေသူများက ကိုယ်စားလှယ်များအကြောင်းကို သူတို့ကွယ်ရာတွင်ပြောသောအခါ "လိပ်ကြီးတွေ" ဟူ၍ ထည့်ကာထည့်ကာ ပြောလေ့ရှိကြကုန်၏။

မြမျိုးလွင်နှင့် ပြည်ညွှန့်စာအုပ်တိုက်ရှင် ဦးအောင်ညွှန့်တို့မှာ မိသားစု စိတ်ဓာတ်နှင့် ဝိုင်းလုပ်ဝိုင်းစား သာတူနာမျှ လုပ်ကိုင်နေကြခြင်းကြောင့် ၁၂ ပဲတန် စာတိုစာစ စာအုပ် ၃,၀၀၀ အတွက် သင့်ငွေ ၂၂၅ဝ တွင် စိန်ကိုယ်စားလှယ်၊ ရွှေကိုယ်စားလှယ်တို့အား တစ်ဝက်ဈေး ပေးရခြင်းကြောင့် တိုက်က ၁၁၂၅ ကျပ်သာရရှိပါသည်။

စက္ကူဖိုး၊ စာစီခ၊ စာရိုက်ခ၊ စာအုပ်ချုပ်ခနှင့် ပန်းချီရေးခ၊ ဘလောက်လုပ်ခ၊ စာတိုက်တံဆိပ်ခေါင်းဖိုး၊ ကြော်ငြာခ စသော စရိတ်တို့မှာ ၆၂၅ ကျပ် ကုန်ကျသဖြင့် ငွေ ၅၀၀ ကျပ် မြတ်ပါသည်။

ထိုအမြတ်ကို စာရေးသူနှင့် ထုတ်ဝေသူတို့ ခွဲဝေယူကြသောအခါ တစ်ယောက်လျှင် ၂၅၀ ကျပ်စီရကြပါသည်။

သို့သော် ငါးကျပ်တစ်လှည့်၊ တစ်ဆယ်တစ်ကြိမ်၊ အသုံးငွေအဖြစ် အလီလီယူထားငွေများ စုစုပေါင်းလိုက်သောအခါ ငွေပေါင်း ၂၀၅ ကျပ်ဖြစ်နေ၍ မြမျိုးလွင်အတွက် ခွဲဝေယူကြချိန်တွင် ၄၅ ကျပ်သာ ငွေသားအဖြစ် လက်ငင်းရရှိလေတော့သည်။

ဦးအောင်ညွှန့်က ခပ်ပြုံးပြုံး မျက်နှာနှင့်ကြည့်လျက် ငါးဆယ်စ၊ တစ်ရာစ အသုံးယူပါဦးလားဟု ထပ်ပေးရန်မေးသော်လည်း မြမျိုးလွင်က ခေါင်းခါပြရင်း ထွက်လာခဲ့၏။

'ညားအောင် စောင့်ဦးမယ်' ဝတ္ထုမှာ သုံးလေးရက်နေလျှင် ထွက်တော့မည်ဖြစ်၍ ပြည်ညွှန့်မှ ငွေထပ်မံရစရာရှိခြင်းကြောင့် မယူခြင်းဖြစ်၏။

ပြည်ညွှန့်တိုက်မှ ထွက်ခဲ့ပြီးနောက် ကမ္ဘာ့ထိပ်တင် ပုံနှိပ်တိုက်သို့လာခဲ့၏။

mgyoe.com

မောင်ကျော်ကို ခေတ္တလိုက်ခဲ့ရန် ဝင်ခေါ်၍ ဈေးချိုဘက်သို့ လျှောက်ကြရင်း ရှေးရေး သုံးထောင့်အိုင်ကို စကားပြေနှင့် ဘာသာပြန်၍ ဝတ္ထုသဖွယ်ဖြစ်အောင် ရေးသောစာ ပါရှိသည့် စာတိုစာစ စာအုပ်အကြောင်းကို အားရပါးရ မြိန်မြိန်ရှက်ရှက်ပြောကာ ငွေရလာသည့်အတွက် ထမင်းကျွေးမည့်အကြောင်း အသိပေးသဖြင့် မောင်ကျော်လည်း ပျော်သွားပုံရရင်း ရွှင်ရွှင်ပျပျ ဖြစ်လာ၏။

ဈေးချိုတော် အနောက်ဘက်မျက်နှာ ဘဏ်တိုက်ဟု လူအများခေါ်ဝေါ်နေကြသော 'ဈေးရုံး' နှင့် မျက်နှာချင်းဆိုင်ရှိ ဦးဘသစ်၏ 'မာဃထမင်းဆိုင်' သို့ ဝင်လျက် ထွေရာလေးပါး ပြောချင်သော စကားများကို ပြောကြရင်း မြမျိုးလွင်နှင့် မောင်ကျော်တို့ ထမင်းကိုမြိန်ရှက်စွာ စားကြ၏။

ထိုခေတ်က နာမည်ကြီး မြန်မာပိုင်ထမင်းဆိုင်မှာ မန္တလေးတွင် နှစ်ဆိုင်သာရှိ၏ ။

တစ်ဆိုင်မှာ ဟေမာဇလခေါ် ရွှေချိုထိုးရပ်ရှိ 'ရွှေချိုထိုးထမင်းဆိုင်' နှင့် ကျန်တစ်ဆိုင်မှာ ယခု ဦးဘသစ်၏ မာဃထမင်းဆိုင် ဖြစ်၏။

ရွှေချိုထိုး ထမင်းဆိုင်မှာ လူတစ်ယောက် (အဝစား ခြောက်ပြား)၊ ဦးဘသစ်ဆိုင်မှာ လူတစ်ယောက် (အဝစား သုံးပဲ) ဖြစ်၏။

ကွာခြားချက်မှာ ဆန်တစ်ပြည် တစ်ပဲခေတ်ဖြစ်၍ ထမင်းကို ဗိုက်ဆံ့သလောက်စား၊ ချိုချဉ်ငန်စပ်ဟူသမျှ အဖိုးအခမယူ၊ အဝစားခြောက်ပြားဆိုင်က ကြိုက်ရာ သားငါးရောမအတုံးကြီး တစ်ပန်းကန်သာပေး၍ သုံးပဲဆိုင်က ကြိုက်ရာ သားငါး နှစ်ပန်းကန် ပေးခြင်း ဖြစ်၏။

ထို့ကြောင့် မြမျိုးလွင်အတွက် ကြက်သားနှင့် ဆိတ်သား၊ မောင်ကျော်အတွက် ငါးကြင်းသားနှင့် ပုစွန်တုပ်မှာလိုက်ခြင်းဖြင့် ကုန်ကုန်ခန်းခန်း၊ မွဲချင်မွဲ တေချင်တေ၊ အနမြောမရှိ သုံးဖြုန်းလိုက်ကြသောအခါ အသပြာ သုံးမူးသားကုန် ထမင်းပွဲကြီးတွင် ဗိုက်ကို ခွေးနမ်းခံရမတတ် တဟီးဟီး တဟားဟားနှင့် ပျော်ပါးစွာ ပွဲတော်တည်ကြလေတော့သည်။

မြန်မာပိုင် နှစ်ဆိုင်အပြင် တရုတ်ကုလားပိုင်ဆိုင်များ နေရာတကာရှိသော်လည်း ထိုခေတ်၏ မန္တလေးယဉ်ကျေးမှုများအနက်မှ အထူးဂရုပြုရသော ယဉ်ကျေးမှု တစ်ရပ်မှာ ထမင်းဆိုင်ဟူသည် မန္တလေးတွင် အသိမိတ်ဆွေမရှိသော ဧည့်သည်များ အတွက်သာဖြစ်စေလျက် ဇာတိသားနှင့် ဇာတိသား၏ မိတ်ဆွေသင်္ဂဟ ဧည့်စောင့်

mgyoe.com

များမှာ မိမိတို့နေအိမ်တွင် ဖိတ်ခေါ်ကျွေးမွေး စားသောက်ပါမှ ယဉ်ကျေးမှုကို ထိန်းသိမ်းသူမည်လျက် ပြစ်တင်ခံရခြင်းမှ ကင်းလွတ်ခွင့်ရကြကုန်၏။

ခေတ်ဆန်သည်ထင်၍၊ အိမ်တွင် အဆင်မသင့်၍၊ အချိန်မရတော့၍၊ ပြီးလွယ် စီးလွယ် ဆူလွယ် နပ်လွယ်စေ၍၊ ဟင်းခွက်မြိုင်မြိုင်ဆိုင်ဆိုင်ရှိစေလို၍ ကိုယ်တိုင် သော်လည်းကောင်း၊ ဧည့်သည်ကိုသော်လည်းကောင်း သို့မဟုတ် ကိုယ်တိုင်ရော ဧည့်သည်ပါသော်လည်းကောင်း ထမင်းဆိုင်သို့ သွားရောက်စားသောက်မိပါမူ မိမစစ် ဖမစစ် တေလေကျင့် တေလေကြံ၊ ဆွေဂုဏ်မထောက် မျိုးဂုဏ်မငဲ့ဟု ကဲ့ရဲ့ပြစ်တင် တော်မူကြသည်မှာ တတွတ်တွတ်နှင့် တွတ်ပြီးရင်း တွတ်ရင်း ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုသောစကားကို မေ့ပျောက်ပစ်လိုက်ကြလျက် တစ်နှစ်နဲ့လည်း ပြော မပြီး၊ နှစ်နှစ်နဲ့လည်း ပြောမပြီး၊ အင်မတိအင်မတန် ရာဇဝတ်တော်ခံရသည် ပန်းများ ဘုရင် ရွှေသဇင်လေ ဆိုတာမျိုးထက်ကဲခြင်းကြောင့် အလွန်မှ သတိပြုနေထိုင်သွားလာ ခဲ့ကြရဖူးပါသည်။

'သူတောင်းစား ထမင်းဝတော့... ငိုက်တယ်' ဟု ဆိုစကားရှိစေကာမူ မြမျိုးလွင်နှင့် မောင်ကျော်တို့ ဗိုက်ကို ခွေးနမ်းခံရမတတ် ထမင်းဝလာသောအခါ အကြံကောင်းတစ်ခု ပေါ်လာကြသည်မှာ မန္တလေးတွင် ဝတ္ထုတိုက်တစ်ခု ထူထောင်ကြ ရန် စိတ်ကူးဝင်လာခြင်းပင် ဖြစ်ပေတော့သည်။

"ဆရာ... စာတိုစာစ ကုန်ပုံကို အားကျပြီး ကျွန်တော်တော့ ဝတ္ထုထုတ်ချင် လာပြီ"

"ထုတ်ချင်... ထုတ်လေဗျာ၊ ဝတ္ထုထုတ်တာများ ပုဂံရာဇဝင် တုတ်ထမ်းပြောတာ မျိုး ပြင်ဆင်နေဖို့မလိုပါဘူး...၊ ခု စလုပ် ခုဖြစ်တဲ့ အလုပ်ပဲဟာ"

"မဟုတ်ဘူး ဆရာရဲ့၊ ငွေရင်း မတည်ဖို့လိုတယ် မဟုတ်လား"

"လိုတော့ လိုတာပေါ့"

"ကျွန်တော့်မှာ ငွေများများ မရှိဘူး၊ ဇနီးသည်ဝတ်ထားတဲ့ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်ပဲရှိတယ်။ စုစုပေါင်း ရွှေငါးကျပ်သားလောက်နေမှာပေါ့၊ အဲဒါကို ထုခွဲပြီး အရင်းတည်ရအောင်"

"ရွှေဈေးက တစ်ကျပ်သားကို ဝယ်ရင် ၄၀ိ၊ ရောင်းရင် ၃၅ မို့ စုစုပေါင်း ၁၇၅ လောက်သာရမယ်၊ ဒီတော့ ရွှေကိုဖြင့် ရောင်းမနေနဲ့တော့ အကြွေးစနစ်နဲ့ ဖြစ်အောင်လုပ်ကြရအောင်"

mgyoe.com

mgyoe.com


"ကျွန်တော်က... သာ၊ ဖြစ်ချင်တာပေါ့၊ ဒါပေမဲ့... ဆရာတို့ ပြောပြောနေကြတာက 'အကြွေးဆိုရင် ဆွမ်းကျွေးတောင် မလိုက်ဘူး' ဆိုတော့... ဘယ်ပြောရဲပါ့မလဲ"

"ဒါက ဦးဘတင်ဆီ အလုပ်အပ်လာတဲ့လူတွေအတွက် ပြောတာပါ။ ဒီအထဲ ကိုကျော်မပါပါဘူး။ ဖြစ်ပါတယ်ဗျာ၊ အဆင်ပြေအောင် ကြိုးစားကြတာပေါ့" ဟု ဆို၍ မာဃထမင်းဆိုင်မှထွက်ကာ ကမ္ဘာ့ထိပ်တင် စာပုံနှိပ်တိုက် ဦးဘတင်ရှိရာသို့ လာခဲ့ကြလေ၏။

ရောက်သောအခါ ဦးဘတင်၏ အလုပ်စားပွဲတွင် သုံးပွင့်ဆိုင်ထိုင်ကြရာက မြမျိုးလွင်က စတင်လျက် မောင်ကျော်အတွက် လစဉ်ထုတ် ဝတ္ထုတိုက်တစ်ခု ဖြစ်မြောက်ရေး အားပေးကြရန် ဆွယ်တရား ဟောသောအခါ ဦးဘတင်ကလည်း မြမျိုးလွင် ကြပ်မတ်ဆောင်ရွက်ပေးမည်ဆိုလျှင် သူကလည်း အားပေးရန် အသင့်ရှိကြောင်း ပြောသဖြင့် အောက်ပါစည်းကမ်းအတိုင်းနှင့် သဘောတူအတည်ဖြစ်သွားကြလေ၏။

၁။ မြမျိုးလွင်က ဝတ္ထုစာမူကို အလွတ်ရေးပေးနှင့်၍ စာအုပ်ထွက်ပြီးနောက် ငွေဖြစ်လာမှ စာမူခယူရန်။

၂။ ဦးဘတင်က အခြားစာအုပ်ရိုက်ရန် ရောက်နေသော စက္ကူထုပ်များကို ခေတ္တယူ၍ အသုံးပြုခွင့်ပေးခြင်း၊ စီခ ရိုက်ခ၊ ချုပ်ခများကိုလည်း စာအုပ်က ငွေပေါ်မှ ယူခြင်းတို့ကို ခွင့်ပြုရန်။

၃။ မျက်နှာဖုံးအတွက် ပန်းချီကားနှင့် ဘလောက်ကိုလည်း စာအုပ်ထွက်ပြီးမှ ငွေပေးချေခြင်းပြုရေးကို မြမျိုးလွင်က တာဝန်ယူကူညီရန်။

စသည်တို့ဖြစ်သောအခါ ကြော်ငြာဖို့လိုလာခြင်းကြောင့် ဝတ္ထုအမည်ကို မြမျိုးလွင်၏ 'ရှင့်တစ်မျက်နှာ' ဟု သုံးယောက်သား သဘောတူ အတည်ပြုလိုက်ကြ၏။

ဝတ္ထုတိုက်၏ အမည်ကို 'ရှုမဝ' ဟု ကိုကျော်ကရွေး၏။ 'ယှဉ်တိုင်းကွာ မတုပကြနဲ့ နုသမျှဆန်းကြယ်၊ ရှုမဝ နန်းအလယ်မှာ ပန်းစံပယ် တော်ဝင့်' ဟူ၍ တေးထပ်ရေးစပ်ရန် ဆရာသျှင်သန်းမေ အစချီပေးထားသော ပထမပိုဒ်မှ 'ရှုမဝ' ကို ကိုးကားလာ၏။

ဦးဘတင်နှင့် မြမျိုးလွင်တို့က ရှုမဝအမည်မှာ ခံ့လွန်း သန့်လွန်းလှသည်။

mgyoe.com

mgyoe.com


နောင်သောအခါ ကြီးကြီးကျယ်ကျယ်လုပ်နိုင်သော အရေးအခွင့်မျိုး မရဟု မဆိုနိုင်သဖြင့် ထိုအခါမျိုးမှ (ရှမဝ) ကို အသုံးပြုရန်။ ယခုမြေစမ်း ခရမ်းပျိုးသော လစဉ်ထုတ်ဝတ္ထုလုပ်ငန်းငယ်ကို မိမိနေထိုင်၍ ပုံနှိပ်ထုတ်ဝေမည့် ကမ္ဘာ့ထိပ်တင် ပုံနှိပ်တိုက်၏ အရိပ်ကို ခိုလှုံသောသဘောဖြင့် 'ထိပ်တင်ဝတ္ထုတိုက်' ဟု မှည့်ခေါ်ရန် အကြံပေးရင်း ကင်ပွန်းတပ်လိုက်ခြင်းကြောင့် ကိုကျော်လည်း နှစ်မဲနှင့်တစ်မဲဖြစ်နေ၍ ထူးထူးထွေထွေ မငြင်းဆန်နိုင်တော့ဘဲနှင့် သဘောတူ လက်ခံရရှာလေတော့၏။

သို့သော် သူ့ဝတ္ထုစာအုပ် ထုတ်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်သွားသည်။ အစစ ပြင်ဆင်မှုကို လုပ်လာသည်။

မြမျိုးလွင်ကလည်း ထိုညမှာပင် 'ရှင့်တစ်မျက်နှာ' စာမူကို ပြီးနိုင်သလောက် ရေးလျက်၊ နောက်တစ်နေ့ နံနက်တွင် စီနှင့်ရိုက်နှင့်ရအောင် ပေးလျက် မျက်နှာဖုံး ပန်းချီအတွက် ကိုကျော်ကို ခေါ်၍ နှစ်ယောက်သား ထွက်လာခဲ့ကြလေ၏။

ပထမဆုံး ပန်းချီ မောင်စုထံသို့သွားကြလေ၏။ ရှင့်တစ်မျက်နှာအတွက် မျက်နှာဖုံးပုံ ရေးပေးရန် ပြောသောအခါ မရေးနိုင်သဖြင့် ခွင့်လွှတ်ကြရန် စုံဆယ်ဖြာနှင့် တောင်းပန်လေတော့သည်။

တောင်းပန်ခြင်းမှာ ငွေကြေးအတွက်ကြောင့်လည်းမဟုတ်၊ ရက်အမြန် ပေးရမည့် အတွက်ကြောင့်လည်းမဟုတ်၊ ပုံတစ်ပုံလျှင် ငါးရက်လောက် ရေးရသည်၊ ပြည်ရွှေဘိုတိုက်နှင့် အောင်ထွန်းလစဉ်အတွက် တာဝန်ယူထားသဖြင့် ပုံရေးရန် ရက်ပို မရှိတော့သည့်ပြင် ကြေးနန်းရုံးတွင် တယ်လီဖုန်းဆက်သွယ်ပေးသော အလုပ်၊ တယောထိုးပြီး ကိုယ်တိုင်ဆိုချင်သော ဝါသနာကလည်း တစ်ဖက်ကြောင့်၊ အိပ်ချိန်က လွဲ၍ နာရီအားမရှိတော့သည့်အတွက် ဖြစ်ကြောင်း ပြောသည်နှင့် ပန်းချီကိုစောမောင်ထံ သို့ လာခဲ့ကြပြန်လေ၏။

ကိုစောမောင်မှာလည်း ရွှေလိပ်ပြာဝတ္ထု ထုတ်ဝေသော ပြည်ကြီးမဂ်လာတိုက် သို့ မျက်နှာဖုံးတစ်ပုံ၊ ဇာတ်လမ်းအလိုက် အတွင်းကထည့်ရန် လေးပုံ စုစုပေါင်း ငါးပုံ လစဉ်ရေးပေးနေရသည့်ပြင် မြန်မာပြည် အမြို့မြို့ရှိ တန်ခိုးကြီးဘုရားများ၏ အာရုံခံဇရပ်နှင့် စောင်းတန်းများတွင် ဆွဲချိတ်ရန် ဖ ပေ သွပ်ပြားများကို ပေါင်ခတ်၍ ဆေးရောင်စုံ ရေးရသော နိပါတ်တော်ဇာတ်ကားများကလည်း တောင်ပုံရာပုံ ရေးစရာရှိနေ၍ ခွင့်လွှတ်ကြရန် တောင်းပန်သောကြောင့် လက်မြှောက်လိုက်ကြရပြန် ၏။

mgyoe.com

mgyoe.com


မြမျိုးလွင်နှင့် မောင်ကျော်လာခြင်းဖြစ်၍ ကိုစောမောင်က ခရီးဦးကြို ဝမ်းပန်းတသာနှင့် ကုလားမနို့ပုံးရှက် နို့ဆီ၊ တရုတ်ဘွန်းလက်ဖက်ခြောက်နှင့် အိမ်တွင်ဖျော်သော လက်ဖက်ရည်အချို၊ အင်္ဂလန်ပြည်လုပ် တံတလီပါးလမား ဘီစကွတ်များနှင့် ဧည့်ခံရင်း သူကိုယ်တိုင်ကမူ ဘုရားအလောင်းဝိဓုရ အမတ်ကြီးဘဝက ဇနီးမယားအများကြီးထားခန်းကို အချောသပ်ရင်း ထိုအရုပ်ကားအောက်မှ စကားပြေမရေးဘဲ တေးထပ်နှင့် ဟာသဖွင့်ရန် စိတ်ကူးရှိနေသည့်အတိုင်း။

"နိပါတ်တော် ကားတွေ ချိတ်ရမယ့် ဘုရားစောင်းတန်းက အရှည်ကြီးမို့ အခန်းတွေကများတယ်၊ တေဇသုနေမ ဘူစံ နာဝိဝေ ဇာတ်ကြီးဆယ်ဘွဲ့မှ အခန်းအမျိုးမျိုး ထုတ်ရေးတာကို တစ်ချပ်လိုနေတယ်။ ဒါကြောင့်မို့ နိပါတ်တော်ကားတွေပေမဲ့လည်း ဟာသပါဖို့ လိုမယ်ထင်လို့ ဝိဓုရ မယားများပုံ ရေးပြီး အောက်ဆွယ်က အကြောင်းအရာ ဖော်ပြတဲ့ စာတန်းမှာ စာတန်းမဟုတ်ဘဲ ဟာသတေးထပ်ထည့်ဖို့ ကျွန်တော် ဖြစ်ကတတ်ဆန်း စပ်ထားတာက...

'ကိုယ့်လင် ကိုယ်သာချစ်စေဖို့ ထုံးအသစ် မထွင်။ ။ လောဘကြောင့် တောထချင်တယ်၊ ဒေါသဝင် စိတ်ထား။ ။ လင်များကို မျှစားဝေလျှင်၊ ကုသိုလ်တွေ အများ။ ။ သဘောညဏ်ယူဆင်သားရယ်နဲ့ ရန်စကား သူကြွယ်။

ဆိုတဲ့ အပိုဒ်အထိတော့ ရောက်နေပြီး ရှေ့ဆက်ဖို့ ခက်နေလို့ ကိုကျော်ရော မြမျိုးလွင်ရော ကာရန်ရှာပြီး ကူညီခဲ့ကြစမ်းပါ။ ခင်ဗျားတို့ စာရေးဆရာတွေပဲ အားကိုးရတော့မှာပဲ၊ ကောင်းကောင်း မကောင်းကောင်းပေါ့ဗျာ၊ နိပါတ်တော်ကားကြည့်တဲ့ ဘုရားဖူးတွေ ရယ်မောသွားရရင် ပြီးတာပါပဲ" ဟု ဆိုလျက် လက်ဖက်ရည်အကြမ်းနှင့် အစီးတောင်းလက်ဖက်သုပ်၊ ချင်းသုပ်ပါ ထုတ်ကျွေးလျက် ဧည့်ခံနေပြန်ခြင်းကြောင့် မြမျိုးလွင်ရော မောင်ကျော်ပါ ကိုစောမောင် ကျွေးသမျှစားကြရင်း ဖြစ်ကတတ်ဆန်း လျှောက်စပ်ကြရာ...

'အင်မတန် လင်မာန်ရောက်
ဆင်ရုံပေါက် နှင်းပြန်သည့်နှယ်။
ဝိဓုရ မယ်ဘုန်းကြွယ်တောင်
အသိမ်းငယ် မဆိုထားပါနဲ့
မယားတွေ တစ်ထောင်စိ
ဟော... ခုကြည့် အမြန်။

mgyoe.com

mgyoe.com

ကျုပ်လိုနတ့် ပုထုဇန်မှာ
မယ်ဆိုရန် ရှိဘူးပဲ့လေး...။'

ဟု အဆုံးသတ်ကြရာ ကိုစောမောင်မှာ ကျေနပ်စွာ လက်ခံလျက် သွပ်ပြား ပေါ်တွင် ရေးနေရစ်ခြင်းကြောင့် နှုတ်ဆက်၍ ထွက်လာခဲ့ကြရလေ၏။

တစ်ဖန် ကိုချစ်မြဲထံသို့ လာခဲ့ကြရပြန်၏။ ထိုသက္ကရာဇ်က ကိုချစ်မြဲသည် မန္တလေးမြို့ ၄၂ လမ်း၊ ရှမ်းပွဲရပ် အနောက်ပိုင်းနေအိမ်မှ 'ငွေစန္ဒာ' လစဉ် အမည်နှင့် မြမျိုးလွင်၏ ဝတ္ထုများကို သူ၏လက်စွမ်းပြ ပန်းချီကားများနှင့် လေးပဲတန် မှန်မှန် ထုတ်ဝေနေသည့်ပြင် 'ငွေစန္ဒာ ရောင်စုံမဂ္ဂဇင်းကြီး' တစ်စောင် ထုတ်ဝေရန် အားယူနေ ချိန်ဖြစ်၏။

လာရင်းစွဲ အကျိုးအကြောင်းကို ပြောပြသောအခါ ဝမ်းမြောက်ဝမ်းသာနှင့် ရှင့်တစ်မျက်နှာ သာမဟုတ် ကိုကျော်ထုတ်မည့် စာအုပ်စာတမ်းအားလုံးအတွက် လိုသလောက် ရေးသားကူညီပါမည်ဟု ကတိပေးခြင်းကြောင့် ကျေးဇူးတင်စကား ပြောလျက်၊ ဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့ကြလေ၏။

ထိုအချိန်က မန္တလေးမှ မြမျိုးလွင်၏ ဝတ္ထုကို ထုတ်ဝေနေကြသော တိုက်များ မှာ...

၁။ ပြည်ရွှေဘို
၂။ အောင်ထွန်း
၃။ ရတနာပုံ
၄။ ပြည်ညွန့်
၅။ ငွေစန္ဒာ
၆။ သန်းလစဉ်

တို့ ဖြစ်ရာ ကိုကျော်က 'ထိပ်တင်ဝတ္ထုတိုက်' တစ်တိုက် တိုးလိုက်သောအခါ အားလုံးက ဝမ်းပန်းတသာ ခရီးဦးကြို ပြုကြလျက် လိုသောအကူအညီကို ပေးပါမည် ဟု ကတိပြုကြခြင်းကြောင့် ကိုကျော်အတွက် အင်အားကြီးတစ်ခု အလိုလိုတိုးလာ ခဲ့လေ၏။

သို့သော်... လူချင်းကား ခင်မင်ကြပါ၏။ မေတ္တာထားကြပါ၏။ လိုလိုလား လားလည်း ရှိကြပါ၏။ အကူအညီပေးရန်လည်း ဝန်မလေးစေကာမူ အလုပ်၏ သဘောမှာ အပြိုင်အဆိုင်ဖြစ်လာကြသည်နှင့် တစ်ဦးထက်တစ်ဦးက မည့်ရန် ကျိတ်၍

mgyoe.com

mgyoe.com


ကြိုးစားလာကြရ၏။

ကိုကျော်မှာ စာပုံနှိပ်တိုက်တွင် နေထိုင်သူဖြစ်သည့်အတိုင်း စက်ခန်းအတွင်း မနေမနား ကြိုးစားခြင်းကြောင့် စာအုပ်ထွက်လာသောအခါ အဆင့်အတန်းမီလျက် အများနည်းတူ ရောင်းရသည့်အတွက် ပေးစရာမှန်သမျှ စေ့ငအောင် ပေးနိုင်လျက် ငွေစ၊ ကြေးစ ရွှင်ရွှင်ပျပျ ဖြစ်လာလေ၏။

ထို့ကြောင့် နောက်တစ်လအတွက် ဒုတိယ စာအုပ်ကို ဆက်၍ စီစဉ်ကြရ၏။ မြမျိုးလွင်က (တယောသံ) ဟု ဝတ္ထုအမည်တပ်လိုက်၏။ ကိုချစ်မြကြ မျက်နှာဖုံးပုံ အမြန်ရေးပေး၏။ ဘလောက်ငယ်တစ်ခု အပိုလုပ်ကာ လက်ကမ်းကြော်ငြာရိုက်၍ ဈေးချိုတွင် ဝေလိုက်ရာ ဖတ်လိုသူတို့ လှုပ်လှုပ်ရွရွဖြစ်လျက် မျှော်လင့်လာကြသည့် အတွက် စာဖောင်အားလုံးရိုက်မပြီးမီ မန္တလေးစာအုပ်ကိုယ်စားလှယ်တို့ ငွေကြိုတင် ပေးသွင်းကြခြင်းကြောင့် ကုန်ပြီးသား ဖြစ်သွားသောအခါ နယ်ကိုယ်စားလှယ်များထံ ပို့ရန် စာအုပ်မကျန်တော့ခြင်းကြောင့် ကိုကျော် မျက်လုံးပြူး၊ မျက်ဆန်ပြူး၊ ဘေးကျပ် နံကျပ်၊ အသက်ရှုကျပ်၍ နေလေ၏။

"မခက်ပါဘူးဗျ...၊ နောက်ထပ် ၂၀၀၀ လောက် ပြန်ရိုက်တာပေါ့၊ နယ်ကိုယ်စားလှယ်တွေကို ဘယ်နေ့ ဆက်ဆက်ထွက်မယ်လို့ ရက်ကန့်သတ်ချက်နဲ့ ကြော်ငြာတာမှ မဟုတ်ဘဲ" ဟု ပြောမှ ကိုကျော် သဘောပေါက်လျက် စိတ်သက်သာရာ ရသွား၏။

ရှင့်တစ်မျက်နှာ ဝတ္ထု အခြားတိုက်ထွက်တွေလောက် မကောင်း၊ ဒီတစ်ခါ မြမျိုးလွင် ရှော်သည်ဟု စာဖတ်ပရိသတ်ထံမှ ဂယက်ရိုက်လာ၏။

ထိုဂယက် မြမျိုးလွင်၏ နားသို့ရောက်သလို ကိုကျော်ထံသို့လည်း ပျံ့လွင့်လာ၏။ သို့သော် ကိုကျော်က တစ်စုံတစ်ရာ ဘာမျှမပြောဘဲ တုံဏှိဘော ဆိတ်ဆိတ် နေသောအခါ မြမျိုးလွင်က အားနာခြင်းကြောင့် ဒုတိယအုပ်နှင့် ဥက္ကောဋ္ဌေယျ ကျော်ကျော်ကြားကြား ဖြစ်အောင် ကြိုးစားလာရခြင်းဖြစ်၏။

ထိုခေတ်ကလည်း ပုံနှိပ်ထုတ်ဝေသူများ အရှုံးမရှိရအောင် ထိန်းသိမ်းပေးရန်မှာ စာရေးဆရာများတွင် တာဝန်ရှိပါသည်။ ကိုယ်ရေးချင်သောစာ ရေးရပြီးရော သဘောထား၍ မဖြစ်ပါ။

၁။ ကျော်ချင် ပေါ်ပင်လိုက်။

၂။ အရိပ်သုံးပါး နားမလည် ချေသူငယ် ကျားစာဖြစ်... စသော စကားများ

mgyoe.com

mgyoe.com


ကိုလည်း သတိပြုရပါသေးသည်။

ထို့ကြောင့်...၊ ထိပ်တင်ဝတ္ထုတိုက်ရှင် ကိုကျော်အတွက် ပထမဝတ္ထု ရှင့်တစ်မျက်နှာနှင့် လှုပ်လှုပ်ရှားရှား မဖြစ်လာလျှင် ဒုတိယဝတ္ထု တယောသံနှင့် လူပြောများလာအောင် လုပ်ရန်မှာ မြမျိုးလွင်တွင် တာဝန်တက်လာ၍ ဖြစ်သည်။

တယောသံဆိုကာမျှနှင့် အဘယ်ကြောင့် ဝတ္ထုမထွက်ခင်က ငွေအပြေရပြီး စာအုပ်တွေ ကုန်ရတာလဲဟု မေးလိုသော်... မေးခွင့်ရှိပါသည်။ ဖြေလည်း ဖြေပါမည်။

ထိုအချိန်က မန္တလေးတွင် 'မြို့မ အပျော်တမ်း တူရိယာအသင်း' ဟူ၍ ပေါ်ပေါက်လာပါသည်။ ငွေကြေးကြွယ်ဝချမ်းသာသူ၏ သားများ စုပေါင်းတည်ထောင်သော အပျော်တမ်း တူရိယာအသင်းဖြစ်ခြင်းကြောင့် နိုင်ငံခြားလုပ် တူရိယာ ပစ္စည်းမျိုးစုံနှင့် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ဘွဲ့၊ ကြိုး၊ ယိုးဒယားနှင့် ကာလပေါ်မကျန် မြန်မာသံပီပြင်အောင် တီးမှုတ်သည့်အတွက် လူကြိုက်အလွန်များပါသည်။

စန္ဒရား၊ တယော၊ ဘင်ဂျို၊ မယ်ဒလင်၊ ဂီတာ၊ ဂျာ့စ်ဘင်၊ ဆက်ကဆိုဖုန်း၊ ကောနက် စသည်ဖြင့် ပစ္စည်းမျိုးစုံ ဆန်းသစ်နေလေရာ အလှူမင်္ဂလာနှင့် ပွဲကြီးပွဲကောင်းမှန်သမျှ မြို့မ တူရိယာပါမှ ဂုဏ်ရှိသည့်အတွက် ဇာတ်၊ အငြိမ့်၊ ရုပ်သေး စသော ပွဲများ လာဘ်တိတ်သွားသောကြောင့် ဦးချစ်ဖွယ် ဒေါ်စိန်ယုံ အငြိမ့်ကြီးက ဒီအတိုင်းဆိုရင် ကျုပ်တို့တစ်တွေ ကျားရှင်ပြု သမင်နားထွင်းရှိမှ ပွဲကရတော့မည်ဟု စောင်းမြောင်း၍ပင် သီချင်းစပ်ဟပ်ဆိုရသော အဖြစ်သို့ ရောက်ကုန်ပါလေတော့သည်။

မြို့မ တူရိယာ ဟိတ်လုံးသုံး ကျော်ကြားခြင်းကြောင့် မာဃ အပျော်တမ်း တူရိယာအဖွဲ့သစ်တစ်ခု ပဒေသာတန်းရပ်မှ အပြိုင်ပေါ်လာပြန်ပါသည်။

နှစ်သင်းစလုံး ကောင်းကြသည်ချည်း ဖြစ်၍ ပွဲတကာ အပြိုင်အဆိုင် တီးမှုတ်လာကြသောအခါ တယောပြားနှင့် အော်လံပါသော ဟွန်းတယောထိုးခြင်းကို လူငယ်ပိုင်းက ပို၍ နှစ်သက်လာပါသည်။

မြို့မ တူရိယာမှ ကိုဘငွေ၊ ကိုရင်ကလေး၊ ကိုမြသိန်း၊ မာဃတူရိယာမှ ကေသာကျော်နှင့် စာတိုက် ကိုမောင်ကလေးတို့မှာ လူတိုင်းကြိုက် တယောနာမည်ကြီးများ ဖြစ်လာပါသည်။

ထိပ်တင် ဝတ္ထုတိုက်မှ ကိုကျော် ဒုတိယအကြိမ် ထုတ်ဝေမည့် တယောသံမှာ ထိုပုဂ္ဂိုလ်များကို ရည်ညွှန်းပါသည်။

ကြိုတင်ဝေငှသော လက်ကမ်းကြော်ငြာငယ်တွင် မည်သူ့ တယောသံ

mgyoe.com

ထင်သလဲ၊ မြို့မလား၊ မာဃလား စသော မေးခွန်းများ၊ တယောသံနှင့် ဈေးချိုသူ ဘယ်ပုံဘယ်နည်း ဆက်စပ်သလဲ။ တယောသံအတွက် ဈေးချိုသူအမူတုံး ယူကျုံးမရ ဘယ်လိုဖြစ်ရသလဲ။ မြမျိုးလွင်၏ တယောသံက ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း ဘွင်းဘွင်း ဖော်ကောင်လုပ်မှာမို့ လက်မလွတ်တမ်း အရဝယ်ပါ... စသည်တို့ ဖြစ်ခြင်းကြောင့် ရောင်းချက်ကောင်းရန် အကွက်ပေါ်လာခြင်း ဖြစ်ပါသည်။

တယောသံ ဝတ္ထုဇာတ်လမ်း အကျဉ်းချုပ်မှာလည်း စုပေါင်း၍ အိမ်ငှားနေကြသော ဟိုက်စကူးကျောင်းသားတစ်စု တယောထိုးလေ့ကျင့်ရာက အိမ်ချင်းကပ် ဈေးချိုသူ အပျိုချောက နားဆူ အိပ်ပျက်ခြင်းကြောင့် ရန်ထောင်ရင်း တစ်ဦးကိုတစ်ဦး မြင်ဖူးကြကာ ရန်ဘက်မှ မိတ်ဖက်ဖြစ်၊ နောက်ဆုံးတွင် အပျိုတစ်ယောက်တည်း လူပျိုငါးယောက်က တိတ်တိတ်ခိုး တစ်ယောက်တစ်မျိုး ပိုးကြပုံ၊ တယော မတတ်ခင်က ဆူညံမှုနှင့် ရန်ဘက်ဖြစ်နေစေကာမူ တယောတတ်၍ ဘွဲ့ကြိုး ယိုးဒယားများ တီးတတ်လာသောအခါ ချစ်ခန်း ကြိုက်ခန်း မရောက်ဘဲ ပူပုံပန်းဘဝနှင့် သံသရာ လည်ကြရပုံကို ဟာသရွှင်ရွှင်နှင့် ရေးထားခြင်း ဖြစ်ပါသည်။

ရပ်ဝေးမှ လာနေသော ဟိုက်စကူးကျောင်းသားများ စုပေါင်း အိမ်ငှားနေရခြင်း မှာလည်း ထိုခေတ်အတွက် အကြောင်းရှိပါသည်။

မန္တလေးတွင် ဟိုက်စကူးကျောင်း အများရှိရာ စိန့်ပီတာ၊ သံတဲ၊ စိန့်ဇေးဗီးယား၊ ဝက်စလီ၊ ဖားသားလဖုံး၊ ကယ်လီနှင့် အေဘီအမ်တို့မှာ ခရစ်ယာန်သာသနာပြု ကျောင်းများဖြစ်လျက် ညဥ့်အိပ်ညဥ့်နေ ကျောင်းအိပ်ကျောင်းစား လက်ခံသော်လည်း မိမိတို့ သားများ ခရစ်ယာန်ဘာသာဘက်သို့ တဖြည်းဖြည်း ယိုင်သွားမည်စိုး၍ ထိုကျောင်းများတွင် မထားသော မိဘများလည်း ရှိကြပါသည်။

မြန်မာပိုင်ဆို၍ ဗုဒ္ဓသာသနအနုဂ္ဂဟ၊ ဘီတီအင် ဟိုက်စကူးတစ်ကျောင်းသာ ရှိရာ ကျောင်းအဆောက်အအုံ ကြီးမားခဲ့ထည် ကျယ်ပြောသော်လည်း ကျောင်းသား ဦးရေက များနေသည့်အတွက် ရပ်ဝေးမှ ကျောင်းအိပ်ကျောင်းစားများကို စေ့ငအောင် လက်မခံနိုင်ခြင်းကြောင့် နေ့ကျောင်းသားအဖြစ် ကျောင်းတက်ကြရန် ရပ်ကွက် အသီးသီးရှိ အိမ်အားများကို စုပေါင်း ငှားရမ်းနေထိုင်ကြရခြင်း ဖြစ်ပါသည်။

ပထမဆုံး ဘိလပ်သို့ လွတ်လပ်ရေး သွားတောင်းသော ကိုယ်စားလှယ်အဖွဲ့ (ဖေ၊ ပု၊ ရှိန်) တွင် ပါဝင်သော ၃ ဦးမှာ၊ ၁– ဘကြီးဘဖေ၊ ၂– ဝတ်လုံတော်ရ ဦးပု၊ ၃– ဦးထွန်းရှိန် ဘီအေတို့ဖြစ်ရာ ဦးထွန်းရှိန်မှာ မန္တလေးဗုဒ္ဓသာသနာ အနုဂ္ဂဟ

ဘီတီအင် ဟိုက်စကူးကျောင်းအုပ်ကြီး ဖြစ်ပါသည်။

လေကြောင်းသယ်ယူပို့ဆောင်ရေးမပေါ်သေးဘဲ ရေကြောင်းခရီး ပင်လယ်ကူး သင်္ဘောကြီးများနှင့် သွားရခြင်းကြောင့် ရက်ကုန်ပါသည်။ ဘိလပ်တွင် လွတ်လပ်ရေး ပေးရန် တောင်းဆိုပြီးနောက် ပြန်လာသောအခါ ဦးထွန်းရှိန်မှာ ရန်ကုန်မြို့သို့ ပြန် အရောက်တွင် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားရာ အထက်မြန်မာပြည်မှ မြန်မာလူမျိုးများက ရင်ထုမနာဖြစ်ကြရလျက် ဦးထွန်းရှိန် ကွယ်လွန်ရခြင်းသည် သွေးရိုးသားရိုး မီးစာကုန် ဆီခန်းမဟုတ်ဘဲ အင်္ဂလိပ်တို့၏ ပယောဂမကင်းဟု ယူဆကြခြင်းကြောင့် စာရေးဆရာ ဆရာထား၊ ဆရာကြည်၊ မြန်မာညွှန့် ဆရာတင် စသည်တို့က သီချင်းမျိုးစုံ စပ်ဟပ်ပေးခြင်းဖြင့် ဇာတ်မင်းသမီး မြခြေချင်း မငွေမြိုင်၊ ရုပ်သေးမင်းသား ဦးဘကျော့၊ အငြိမ့်မင်းသမီး ဟံမာရီစပယ်အုံး၊ ဥက္ကလာမအေးကြည် တို့က ယူကျုံးမရ ရင်ထုမနာ သီချင်းအမျိုးမျိုးကို အင်္ဂလိပ်အစိုးရအား စောင်း၍၊ ချိတ်၍၊ ရိပ်၍ ဆိုကြပါသည်။

ဆရာထားရေး၍ မငွေမြိုင်ဆိုသော သီချင်းတစ်ပုဒ်၏ ခြေဆင်းတွင်...

"ဘိလပ်ပြန် ဘယ်ဝေဒနာကြောင့်၊
ဘယ်နေရာ ဘယ်လိုဆုံးပါလိမ့်၊
မပြောတတ် နိုင်လေအောင်၊
လောကဓာတ် ဤကမ္ဘာလုံးမှာဖြင့်၊
အုန်းကျွက်ကျွက် ညံစီ..."

ဆိုသည်ကို အလွန် ခံတွင်းတွေ့လျက် လူတိုင်းနီးပါး လိုက်ဆိုနေကြသည်မှာ တစ်နှစ်ကာလခန့်ကြာအောင် မရိုးနိုင်ဖြစ်နေကြဖူးပါသည်။

ဘီတီအင် ဟိုက်စကူးအတွက် ကျောင်းအုပ်ကြီး၏ နေရာကို ဦးထွန်းရှိန် ၏ညီ ဦးဘတင် ဘီအေအား ဆက်လက်ခန့်ထားကြပါသည်။

ဦးဘတင်မှာ နာမည်ကျော် "ကာတွန်းဖေသိန်း" ၏ ဖခင်ဖြစ်ပါသည်။ ၁၉၄၂ ခု ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာ၍ မန္တလေးမြို့ကြီး ဗုံးကြဲခံရလျက် ပြာပုံဘဝအရောက် ကျောင်းကြီးကို အုပ်ချုပ်သွားသူ ဖြစ်ပါသည်။

ဆရာကြီး ဦးဘတင်မှာ သဘောကောင်းလျက် လူအေးဖြစ်ပါသည်။ ပြုံးပြုံး ပြုံးပြုံး နေတတ်လျက် စိတ်ဆိုးစရာကိစ္စများပင် အပြင်သို့မပွင့်ဘဲ စိတ်ထဲတွင် ကျိတ်၍ ဆိုးနေတတ်သူဖြစ်ပါသည်။ လူချစ်လူခင် အလွန်ပေါပါသည်။ မြမျိုးလွင်နှင့်လည်း

mgyoe.com

ပြောမနာ ဆိုမနာ ခင်မင်သည်ဖြစ်၍ တစ်ခါတစ်ရံ မြမျိုးလွင်နှင့် အပေါင်းပါတို့က စိတ်မဆိုးဆိုးအောင် စ၍ ရယ်မောရအောင် ကျီစယ်လေ့ရှိကြပါသည်။

ထိုခေတ်က သားဖွားဆရာမများကို (လက်သည်)ဟု ခေါ်ကြပါသည်။ တစ်နေ့တွင် ပေါင်းရင်းသင်းဟောင်းတွေ ဆုံမိကြရာ မြမျိုးလွင်က ဆရာကြီး ဦးဘတင်အား...

"ဆရာ... လူတွေက ပြောနေကြတယ်၊ ဖေသိန်းဟာ ဆရာနဲ့ မွေးတာ မဟုတ်ဘူးတဲ့ဗျ" ဟု ဆိုသဖြင့်...

"ဘာရယ်ဗျ"

"ဖေသိန်းဟာ ဆရာ့သားဆိုပေမဲ့ ဆရာမွေးတာ မဟုတ်ဘူးလို့ ပြောနေကြတယ်..."

"ဘယ်သူက ပြောတာလဲ..."

"လူတိုင်းနီးနီးကပဲ ပြောနေကြတာပဲ"

ဆရာကြီးဦးဘတင် အသားများ ဆတ်ဆတ်တုန်၍ ဒေါသဖြစ်လာပါသည်။

"ပြောတဲ့လူတွေ ပြောစမ်းဗျာ... ကျုပ် ဓားနဲ့ ထိုးမယ်၊ ဒီကိစ္စတော့ မခံဘူး... ကျုပ်ရဲ့ ဂုဏ်သိက္ခာတင် မကဘူး၊ ကျုပ်ဇနီး ဆရာကတော်ရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်တယ်၊ ဖေသိန်းဟာ ကျုပ်သားမှ ကျုပ်သား၊ ကျုပ်နဲ့မွေးတာမဟုတ်လို့ ဘယ်သူနဲ့ မွေးရဦးမှာလဲ မဟုတ်ကတတ် ဟုတ်ကတ်တွေ သိပ်ပြောချင်ကြတာ၊ နာမည်တွေ ပြောစမ်းဗျာ၊ ဓားနဲ့ကို ထိုးမယ်..."

"ဆရာကသာ ဒေါသသိပ်ကြီးနေတာ၊ ပြောတဲ့လူတွေက ဖေသိန်းဟာ ဆရာနဲ့ မွေးတာ မဟုတ်ဘူးတဲ့ လက်သည်နဲ့ မွေးတာတဲ့လို့ ပြောနေကြလို့ပါ..." ဟု ဆိုမှ ဆရာကြီး ဦးဘတင်မှာ အတ္ထာအနက်ကို မြတ်သောအတွက်နှင့် သဘောပေါက်လာခြင်းကြောင့် ဟား ဟား... ဟားဟား ဟု ရယ်သံဖြင့် အားလုံးအတွက် ဟာသဝိုင်း ဖြစ်သွားခဲ့ကြရဖူး၏။

တယောသံဝတ္ထုမှာ ဤအကြောင်းများကြောင့် ပေါ်ပင်လိုက်ကွက် မိသွားကာ တွင်ကျယ်ခြင်းဖြစ်သည်နှင့် တတိယအကြိမ်အထိ ရိုက်နှိပ်ထုတ်ဝေရလေတော့သည်။

ယင်းသို့ ထုတ်ဝေရခြင်းကြောင့် ကိုကျော်မှာ တစ်လ နှစ်ကြိမ်ထုတ်လိုသော ဆန္ဒပေါ်လာလျက် မြမျိုးလွင်အား ရေးပေးရန် စာမူတောင်းလာပါလေတော့သည်။

မြမျိုးလွင်၏ တာဝန်ကား မသေးလှပါ။ မန္တလေး ခုနစ်တိုက်အပြင် ရန်ကုန်မှ

mgyoe.com

လည်း...

၁။ ရွှေဒေါင်းညို
၂။ ဝမ်းစမိုး
၃။ ပေါ်ပင်
၄။ အိုကေ
၅။ တော်ဝင်...

စသော တိုက်များအတွက်လည်း တစ်လ တစ်အုပ် မှန်မှန်ထုတ်နိုင်အောင် ရေးပေးနေရသည့်ပြင် တစ်ချီတစ်ချီ နတ်တလင်းဆရာဖြိုး၏ ပညာအလင်းပြတိုက် အတွက်နှင့် ဦးဗချိုင်၏ တိုးတက်ရေး မဂ္ဂဇင်းတိုက်မှ သီးသန့်ထုတ်ရန်အပြင် ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်မြို့မှ လူငယ်စာပေ ဝါသနာရှင်များ သုံးလတစ်ခါ၊ ခြောက်လ တစ်ခါ ထုတ်ဝေလိုသည်များကိုလည်း ရေးပေးနေရသေးခြင်းကြောင့် ခေါင်းတစ်လုံး တည်း ရေအိုးဆယ်လုံး ရွက်ရသူလို ဖြစ်နေပါလေတော့သည်။

အအိပ်မမှန်၊ အစားမမှန် အချိန်ရှိသမျှ နေ့ရောညပါ စာရေးနိုင်ရန် အညောင်း အညာမရှိအောင်၊ အကိုက်အခဲကင်းအောင်၊ အဖျားအနာလွတ်အောင်၊ အမြဲတမ်း စိတ်ရွှင်နေအောင် ၂၄ နာရီစလုံး အရက်ကို အဖော်လုပ်နေရသောအခါ ကျန်းမာရေး ထိခိုက်မှန်းမသိ ထိခိုက်လာပါသည်။

တစ်ပိုဒ်ပြီးတစ်ပိုဒ် ရှောခနဲ ရှောခနဲ ရေးသွားနိုင်ရန် စီးကရက်ကိုလည်း တစ်လိပ်ပြီး တစ်လိပ် အဆက်မပြတ် ဖွာရသေးခြင်းကြောင့် တစ်နေ့လျှင် အလိပ်ပေါင်း ၅၀ မှ ၇၀ အထိ ကုန်အောင်သောက်သော ဒဏ်ချက်ကလည်း အဆုတ်နာဖြစ်ရန် အစိုင်အခဲနှင့် စုဆောင်းရသလို ဖြစ်နေသည်ကိုလည်း ကြိုတင်မသိခဲ့ပါ။

အသက် ငါးဆယ်ကျော်၍ ရောဂါကျွမ်းမှ ဆရာဝန်များက အရက်နှင့် စီးကရက် အလွန်အကျွံသောက်ခဲ့ခြင်း၏ အပြစ်များကို ထောက်ပြလျက် ကုသပေးကြ သော်လည်း ငမိုက်သားခံတော့ဟု စိတ်ကိုတင်းရပြီးလျှင် မှားခဲ့သမျှနှင့် မိုက်ခဲ့သမျှ မှောက်၍သာ ဘဝတုံးပေတော့ဟု ဆုံးဖြတ်ထားလိုက်ရလေ၏။

ထို့ကြောင့် တစ်လ နှစ်ကြိမ် ထုတ်လိုသော ကိုကျော်အား လက်သည်ချည့် အားမကိုးနဲ့ ကိုယ်တိုင်လည်း ညှစ်အားပေးဦးဆိုသလို မြမျိုးလွင်ချည်း အားမကိုးဘဲ ကိုယ်တိုင်လည်း ရေးပါ၊ ကိုကျော်မှာ စာရေးကောင်းသူတစ်ယောက် ဖြစ်ပါသည်။ စာဖတ်ပရိသတ်ကို မကြောက်နဲ့၊ မရွံ့နဲ့၊ မလန့်နဲ့၊ မဖျပ်နဲ့ ရဲရဲသာရေး စာကောင်း

mgyoe.com

mgyoe.com

ဝတ္ထုကောင်း ဖြစ်လာနိုင်ပါသည်။ တစ်နေ့တွင် နိုင်ငံကြိုက် စာရေးဆရာဖြစ်ဖို့ သေချာပါသည်ဟု အားပေးစကားပြောကာ ခရစ်သက္ကရာဇ် ၁၉၃၂ ခုနှစ်တွင် (ရဲကျော်) ဟူသော ကလောင်အမည်ကို ပထမဆုံး ကင်ပွန်းတပ်စေလျက် ရေးသားစေရာ 'ရဲကျော်' ဘွဲ့ခံ ကိုကျော်ရေးသော ဝတ္ထုများလည်း ပုံနှိပ်စာမူအဖြစ်နှင့် လေးပဲတန် ဝတ္ထုလောက တွင် ဝင်ဆံ့လာပါလေတော့သည်။

'ရဲကျော်' သာမက မင်းကျော်၊ သောင်းကျော်၊ မင်းညို စသော ကလောင်သစ် ရဲဘော်များကိုလည်း ပွဲထုတ်ကာ အင်အားစုအသစ် ဖွဲ့စည်းရပြန်ပါသည်။

အရှိန်နှင့်သွားရင်း အောက်ပိုင်း မြန်မာပြည်တွင် နေထိုင်ကြသော ကျိုက်လတ် သား ကိုသိန်းမောင်ကို (သုခ)၊ ရန်ကုန် ပူတူးတူးလုပ်ငန်းရှင် သခင် ဖေသန်းကို (သာစု)၊ ညောင်လေးပင်မှ ရာဇဝတ်အုပ် ကိုတင်မြင့်ကို (သခ်ါ)၊ ပြွန်တန်ဆာမှ သိန်းမောင်ကြီးကို (သိပ္ပံကျော်ထင်) စသော ကလောင်အမည်တွေပေးလျက် စာပေ လောကသို့ ခြေစုံပစ်ဝင်ခဲ့ကြရန် လက်ယပ်ခေါ်ရပြန်ပါလေတော့သည်။

ကျော်ကြားနေပြီဖြစ်သော ဆရာကြီးများအနက် ဇဝန၊ မဟာဆွေ၊ ပီမိုးနင်း၊ ညာဏ၊ ဇေယျ၊ နတ်ရှင်၊ ရွှေမှုား၊ ရွှေသဇင်၊ ဒဂုန်ဦးလှဖေ၊ ရန်အောင် စသော ပုဂ္ဂိုလ်ကြီးများနှင့်လည်း တစ်ဦးနေသောမြို့သို့ တစ်ဦးသွား၊ တစ်ဦးနေသော အိမ်သို့ တစ်ဦးဝင်ထွက်ကာ စားတူ၊ သောက်တူ သမဂ္ဂါနံ တပေါ သုခေါ စခန်းသို့ အရောက် တက်လှမ်းကြရပါသည်။

ခရစ်နှစ် ၁၉၃၃ ခု အထွက်၊ ၁၉၃၄ ခု အဝင်လောက်တွင် လေးပဲတန် ဝတ္ထုခေတ် ပြောင်းလဲချိန် ရောက်လာသည်မှာ ရန်ကုန်မြို့ "ရွှင်ပျော်ပျော်" တိုက်မှ၊ စာရေးဆရာ "တက်ထွန်း" ၏ နှစ်ပဲတန် ဝတ္ထုများ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

တိုက်သစ်၊ စာရေးဆရာ အသစ်၊ ဈေးနှုန်းသစ်နှင့် ထွက်ပေါ်လာရာတွင် အရေးအသားကောင်းခြင်း၊ အဆင်အပြင် ကောင်းခြင်း၊ ဦးဘလုံ၊ ဦးဘလိပ်၊ ဦးထွန်းကြွယ်စသော ဒဂုန်မဂ္ဂဇင်း၏ ပန်းချီဆရာကြီးများ ရေးဆွဲသော အဖုံးပုံများ ဖြစ်ခြင်းကြောင့် အုပ်ရေ တစ်သောင်းမှ နှစ်သောင်းအထိ ထုတ်ဝေရသည်ဟု ဆိုပါသည်။

ထိုရောအခါ စီးပွားရေး ဦးတည်ချက်နှင့် စီးပွားရေးမူအရ ရန်ကုန်ရှိ မြမျိုးလွင် ၏ လေးပဲတန် ဝတ္ထုထုတ်နေကြသော တိုက်များနှင့် မန္တလေးမှ တိုက်အချို့ကပါ နှစ်ပဲတန် ထုတ်ဝေချင်သော ဆန္ဒပြင်းပြလာကြပါသည်။

mgyoe.com

mgyoe.com


လေးပဲတန်ဝတ္ထုအတွက် လက်ရေးသေးသေးစိပ်စိပ်နှင့် လျှောက်လွှာစက္ကူ အရွယ် စာမျက်နှာ ၃၅ မှ ၄၀ အထိ ဇာတ်လမ်း၏ အခြေအနေကို ကြည့်၍ ရေးပေးနေခဲ့ရာ လျှောက်လွှာစက္ကူနှင့် မျက်နှာ ၂၀ သာရေးပေးပါ။ ညဏ်ပူဇော်ခ လေးပဲတန်ဝတ္ထုဖိုး နှစ်ဆယူ၍ နှစ်ပဲတန် ထုတ်ဝေခွင့်ပြုပါဟု ထုတ်ဝေသူများက လူကိုယ်တိုင်သော်လည်းကောင်း၊ စာတစ်တန် ပေတစ်တန်ဖြင့် လည်းကောင်း ဝိုင်းဝန်းအရေးဆိုလာကြသည်နှင့် မြမျိုးလွင်မှာ ကျန်းမာရေးချို့တဲ့ကာ ပန်းဖျားပန်းနာ ကျလာခြင်းကြောင့် အနားယူခွင့် ပြုကြစေလိုပါသည်။ မိမိတို့နှင့် ပုလဲနံပသင့်ရာ စာရေးဆရာများနှင့် ဆက်သွယ်၍ ထုတ်ဝေရေး ခရီးကို ဆက်လက်ချီတက်ကြစေလိုကြောင်း မေတ္တာရပ်ခံလျက် အနားယူလိုက်ရပါသည်။

မန္တလေးပြည်ညွန့်တိုက်မှာ မြမျိုးလွင်၏ လက်ရင်းတိုက်ဖြစ်၍ တိုက်ရှင် ဦးအောင်ညွန့်နှင့် အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ပြီးနောက် လေးပဲတန်များကို သုံးလတစ်ကြိမ်၊ ၁၂ ပဲတန်များကို နှစ်လတစ်ကြိမ်၊ လစဉ်အတွက် ခြောက်ပဲတန်မဂ္ဂဇင်းတစ်စောင် မှန်မှန်ထွက်သွားရန် ဆုံးဖြတ်ကြပြီးလျှင် တစ်မျိုးတစ်ဖုံ စီစဉ်ရပါလေတော့သည်။

ဈေးချိုဝါးတန်းမှ ပြည်ရွှေဘိုတိုက်ကမူ ဘယ်သူတွေဘာလုပ်ကြ လုပ်ကြ သူတို့ကတော့ လေးပဲတန်ကိုပင် တစ်လတစ်အုပ် မှန်မှန်ထုတ်လိုပါသည်ဆိုသဖြင့် ရေးပေးမည်ဟု ကတိပြုလိုက်ရပါသည်။

ထိပ်တင်ဝတ္ထုတိုက်ရှင် ကိုကျော်ကမူကား လေးပဲတန် တစ်လ နှစ်ကြိမ် ထုတ်ရန် အစီအစဉ်ကို ဖျက်သိမ်း၍ နှစ်ပဲတန်ဝတ္ထုများ ခုနစ်ရက်တစ်ကြိမ်ကျ တစ်လ လေးကြိမ် ထုတ်လိုပါသည်ဟု ပြင်းပြင်းထန်ထန် စိတ်ကူးယဉ်ဝင်လာခြင်းကြောင့် နှစ်ပဲတန် လေးကြိမ်ထုတ်မည့်အစား ရှစ်ပဲတန် တစ်ကြိမ်ထုတ်ခြင်းက အကျိုးခံစားခွင့် ပို၍ ဂုဏ်ရောက်ပုံ စာရင်းဇယားကို တွက်ပြလျက် တိုက်တွန်းမှ သဘောပေါက်ကာ ကျေနပ်သွားလေ၏။

ရှစ်ပဲတန်စာအုပ်တွင် ဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် ထည့်မည်ဖြစ်ခြင်းကြောင့် မြမျိုးလွင်၏

၁။ သနားတတ်ပါတယ် ဝတ္ထုနှင့်

၂။ မောင်တို့ရွာ သာပါဘိသည်စခန်း (ခေါ်) တောရွာဖွဲ့ဆောင်းပါး ပါရှိမည့်အကြောင်း ကြော်ငြာလိုက်ရာ နယ်ကိုယ်စားလှယ်များထံမှ အမှာစာများ တဖြောက်

mgyoe.com

mgyoe.com


ဖြောက် ရောက်လာခြင်းကြောင့် အဆင့်အတန်းမြင့်သော ခေတ်ရေ့ပြေး စာတစ်အုပ်ဖြစ်ရန် ကြိုးစားစီစဉ် နေကြစဉ် ရွှေတောင်မှ အမျိုးများက ရန်ကုန်တွင် ပိုးထည်တိုက်ကြီးတစ်တိုက် ဖွင့်မည်ဖြစ်၍ အမြန်ပြန်လာကြရန် ကြေးနန်းရိုက် ခေါ်သည့်အတွက် မောင်ကျော်မြအဝင်ပါ ကိုကျော်တို့ ဇနီးမောင်နှံပါ ရန်ကုန်သို့ သွားကြလေရာ ထိပ်တင်ဝတ္ထုလုပ်ငန်းမှာ ဤတွင် တစ်ခန်းရပ်သွားလေ၏။

မြမျိုးလွင်လည်း ကိုကျော်အတွက် ရေးသားနေသော ဝတ္ထုနှင့် ဆောင်းပါးကို အမြန်လက်စသတ်ပြီးလျှင် "သနားတတ်ပါတယ်" ဝတ္ထုစာမူကို ပြည်ရွှေဘို လစဉ်ထုတ် ဝတ္ထုတိုက်သို့လည်းကောင်း၊ "မောင်တို့ရွာသာပါဘိ သည်စခန်း" ဆောင်းပါးကို ရန်ကုန် ယူနီဗာစီတီမှ သခင်ပေါက်စ ဘီအေတစ်စုတို့ မန္တလေးသို့ လာထုတ်ကြသော "ဒို့ခေတ်စာစောင်" တိုက်သို့လည်းကောင်း ပေးလိုက်ရာ ဒို့ခေတ်စာတည်းအဖွဲ့က သာပါဘိ သည်စခန်းကို ဖြုတ်၍ "မောင်တို့ရွာ" ဟူသော ခေါင်းစီးဖြင့်သာ ထိုဆောင်းပါးကို အသုံးပြုလိုက်ကြ၏။

လက်ရေးစာမူမှ ပုံနှိပ်အက္ခရာစာမူသို့ ရောက်သောနှစ်မှာ ၁၉၃၄ ခု မေလဖြစ်၏။ ယနေ့မှ ပြန်လည်ရေတွက်သော် ၃၅ နှစ် ကြာခဲ့ပေပြီ။

၃၅ နှစ်ကာလ ခေတ်ဟောင်း ခေတ်ဆွေး၏ အရေးအသားဖြစ်သော စာဟောင်း စာဆွေးသည်လည်း သူ့ခေတ်သူ့အခါ သူ့အချိန်ဝယ် သူ့အရှိန် သူ့အဝါနှင့် လှုပ်ရှားခဲ့ပုံများ ယနေ့ခေတ် စာပေလူငယ်များ လေ့လာအကဲခတ်နိုင်ရန် ပြန်လည်ဖော်ပြရသော်...

ရွှေမဝရုပ်စုံမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၆၉။

❑

mgyoe.com

mgyoe.com

## ဆောင်းပါးအမှတ် ၄

အောက်တွင် ဆက်လက်ဖော်ပြမည့် ဆောင်းပါးမှာ ၁၉၃၄ ခုနှစ် မေလ၊ လွန်ခဲ့သည့် နှစ်ပေါင်း ၃၅ နှစ်ခန့်က ဆရာကြီး မြမျိုးလွင် 'ဒို့ခေတ်စာစောင်တိုက်' သို့ ပို့ပေးခဲ့သော 'မောင်တို့ရွာသာပါဘိ သည်စခန်း' ဟူသော ဆောင်းပါးဖြစ်လေသည်။ ယခင်လ ဩဂုတ်လထုတ် ရှုမဝတွင် ယင်းဆောင်းပါး ရေးသားခဲ့ရသည့် အကြောင်း တစ်ပိုင်းတစ်စကို ဆရာကြီး မြမျိုးလွင်သည် ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ ဆရာကြီး၏အဆိုအရ...

"သူ့ခေတ် သူ့အခါ သူ့အချိန်ဝယ် သူ့အရှိန်အဝါနှင့် လှုပ်ရှားခဲ့ပုံများကို ယနေ့ခေတ် စာပေလူငယ်များ လေ့လာအကဲခတ်နိုင်ရန်" ဟု ဆိုထားလေရာ...။

လွန်ခဲ့သော ၃၅ နှစ်က ထိပ်တန်းနာမည်ကျော် စာရေးဆရာကြီးတစ်ဦး၏ စာပေရသ အနှစ်သာရကို ကျွန်ုပ်တို့သည် ဆက်လက် နှိုက်ထုတ် မြည်းစမ်းကြပါဦးစို့။ ။

*

စာတည်း။

mgyoe.com

mgyoe.com


## မောင်တို့ရွာ သာပါဘိ သည့်စခန်း

'ဘလပ်ဗတ်... ဗတ်ဗတ်... အောက်အီ အီး အွတ်...' ဟု အတောင်ကို ပြင်းစွာ ရိုက်လျက် ဆွဲဆွဲငင်ငင်ကြီး တွန်လိုက်သော လင်းကြက်သံကို ကြားရသောအခါ ဘကြီးဖိုးကား လေးလေးပင်ပင်ကြီး ဘုရားရှိခိုးလျက် ရှိချေပြီ။ အရီးနှစ်တို့အိမ် မီးဖို ခန်းမှလည်း မီးတဝင်းဝင်း တောက်နှင့်နေတော့ပြီဖြစ်၏။ ရွာလယ် ဘိုးက္ကန္ဒကား အသက်လည်းကြီး၊ ပန်းနာလည်းရှိသဖြင့် ချောင်းတဟက်ဟက်နှင့် ကောင်းစွာ အိပ်ရဟန် မတူချေ။

ရွာတံခါးဝ ကင်းတဲကလေးမှ ဝါးလုံးရိုက်သံနှင့် မရှေးမနှောင်းပင် ရွာဦးကျောင်း မှ အရုဏ်တက် တုံးခေါက်သံသည်လည်း ညင်သာစွာ တစ်ချက်ချင်း ပေါ်လာရင်း ရွာတွင်းကို နှစ်သိမ့်သာယာစေလေတော့၏။

"ဟော့... မွန်းညို... ထ လကွယ်၊ နွားပြင်ပါတော့လား..." ဟု ဦးဆိုးပုံ၏ ဆော်သြသံသည်လည်း အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်မှ ကောင်းစွာ ကြားကြ ရလေ၏။ ပျိုးခေါင်း မလုံမသည်ကား ဝီရိယကြီးစွာဖြင့်...

"အေးမရေ...၊ ဟိုဘက်အိမ်က ရှင်ပုတုကော၊ အရီးမြိုင် နိုးနေပလား၊ တော့် သမီး မယ်အောင်ကို နှိုးလိုက်စမ်းပါ၊ မယ်နက်ရေ... ရှင်ငွေခိုင်ပါ အသံလှမ်းပြုလိုက် ပါတော့၊ စောစောဆင်းကြရအောင်ဟေ့၊ ဒါမှ စောစောပြီးမယ်" စသည်ဖြင့် ဝီရိယ ကြီးစွာ အိမ်ပေါက်စေ့လျှောက်၍ နှိုးကာ ခွေးဟောင်သံ တစီစီနှင့် ရွာကိုလှည့်ပတ်လျက် ရှိလေ၏။ ရွာမြောက်ပိုင်းမှ မယ်ထင်၏ သားကလေးမှာ နို့မဝ၍လားမသိ၊ တအီအီ ငိုလျက်ရှိသဖြင့် 'လူကလေးတဲ့ ချော့စရာ၊ မိတ္တီလာ ကန်တော်အောက်က ဖားကောက်ခဲ့ ပါ၊ ဖားပါရင် တစ်ကောင်ပေးပ၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့၊ ဖားကောင်က သေး' ဟူသော တေးကို အိပ်ချင်မူးတူးနှင့် ဆိုရင်း အိုအို အယ်အယ်နှင့် အိပ်အောင် ချော့၍နေလေ၏။ "အဖေ... ဗျို့ အဖေ... ခမောက်ပေးလိုက်စမ်းပါ" ဟုလည်း လှည်းပေါ်ရောက်နေမှ ခမောက်မေ့နေသော သားကလေးသည် တကြော်ကြော် တအော်အော် တောင်းနေတော့၏။

"အမေ... ဗျို့... အမေ၊ ဆူးချုံရွာက မွန်းငွေတို့များလာရင်လေ သူကြီးအလှူမှာ တီးရမှာမို့ ကျုပ်ဒိုးပတ်ကြီး ထုတ်ငှားလိုက်ပါ" ဟု မောင်ကံရေးကလည်း သွားခါနီးမှ သတိရသဖြင့် အမေဖြစ်သူကို မှာ၍နေလေ၏။ မကြာမီ လှည်းမောင်းသံများကို ကြားရလျက် ပြောင်းဖူးဖက်ဆေးလိပ်မီးဖွားများ ဝင်းခနဲ ဝင်းခနဲ တောက်သွားသည်ကို

mgyoe.com

mgyoe.com



မြင်ရပြီးလျှင် မှောင်ထဲတွင် ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်ကို တွေ့ရလေ၏။ သို့သော်လည်း ခွေးဟောင်သံများနှင့် သက်ကြီးရွယ်ရင့်တို့၏ ချောင်းဟန့်သံများသည်ကား တစ်ချက်တစ်ချက်တွင် ကြားရလျက်ပင် ရှိနေခဲ့လေသတည်း။

အရှေ့ဘက်မှ နေလုံးကြီးပေါ်ထွက်၍ ရွာကို ကောင်းစွာမြင်ရသောအခါ၌ကား ရွာကို ပတ်လည်ဝိုင်းထားသော လယ်ကွက်များတွင်သာ လှုပ်ရှားသွားလာနေကြသော လူစ၊ လူနများကို တွေ့ရလျက် ရွာကြီးများမူ လူနေလူထိုင်မရှိသကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေဘိတော့၏။ 'ပဲ... ပဲ...' ဟု ပဲသည်၏ ဟစ်သံမှတစ်ပါး အခြားဘာမျှ မကြားရချေ။

နေထန်းတစ်ဖျားလောက် ရောက်သောအခါ ဇုပ်ခွက်ထမ်းလျက် ရွာဆီသို့ မျက်နှာမူ၍ သွားနေသော ရွာဦးကျောင်းမှ ကျောင်းသားကလေးကို မြင်ရလေ၏။ ရွာထဲတွင် အိမ်ပေါက်စေ့ လျှောက်၍ရပ်ရာ မိမိတို့ တတ်နိုင်သမျှသော ဆွမ်းဟင်း၊ ပန်းဟင်းများကို လက်ဦးလက်ဖျား လှူဒါန်းကြလေ၏။ ကျောင်းသားသူငယ်ရှိသော အိမ်များမှာ ဖိုးကျွန်း ဆွမ်းခံလာခိုက်တွင် ဇုပ်ခွက်ထမ်းနှင့်အတူလိုက်ရန် ကျောင်းသို့ ထည့်ကြလေ၏။ တစ်ယောက်တစ်ယောက်နှင့် နောက်ဆုံးတွင် ကျောင်းသားတွေ များလာလေ၏။ ဖိုးကျွန်းကား ဇုပ်ခွက်ထမ်း ဘုန်းကြီး၏ အချစ်တော်ဖြစ်၍ ရှေ့ဆုံးမှ သွားလျက် ရွာထဲကျောင်းသားများက နောက်မှလိုက်ကြလေ၏။ အချို့ကျောင်းသား များက ဆီလုံးလုံးဝေး၍ ပြောင်းဖူးမွေးကဲ့သို့ နီနေသော ဆံပင်နှင့် သျှောင်ကျစ်နေအောင် ထုံးလျက် အင်္ကျီမပါ အိမ်ရက်ချည်ထည် လုံကွင်းကို ဒူးဆစ်ပေါ် ဝတ်ထားကြလေ၏။ အချို့ငယ်ရွယ်သေးသူများကား တုံးလုံး၊ ဒီနှစ်စပါးပေါ်လျှင် ရှင်ပြုမည့် ဖိုးခွေးတို့ ညီအစ်ကို သုံးယောက်သာ ပဲဆီလိမ်းထားသောကြောင့် သျှောင်ထုံးမှ အရောင် တဝင်းဝင်း တောက်နေတော့၏။ အချို့ကား နှပ်ချေးတွဲလဲ။ အချို့ကား မျက်ချေး ဗရပွ။ အချို့ကား ပေလို့။

နေတစ်မော်လောက်ရောက်သောအခါ ရွာဦးကျောင်းမှ ကြေးစည်သံ၊ ကလတက် ခေါက်သံနှင့် ခွေးအူသံကိုကြားရလေ၏။ သူကြီးအိမ်မှလည်း အခွန်တော်တောင်းသော ရွှေမောင်းမဟုတ်ဘဲ လူခေါ်သော မောင်းကလေးတစ်ချက်တီးသံကို ကြားရလေ၏။ အရီးနှစ်ကား အိမ်ရှေ့ ခလောက်ဆွဲတွင် ခြေဆင်း၍ထိုင်ကာ ပြောင်းဖူးဖက်များကို ဆေးလိပ် လိပ်၍နေလေ၏။ ရွာလယ် ကုက္ကိုပင်ကြီးအောက်၌ မငွေမသည် မုန့်ပေါင်း လုပ်၍နေသဖြင့် ကလေး၊ သူငယ်မအချို့နှင့် မိန်းမကြီးအချို့မှာ မုန့်ပေါင်းဝယ်ရန်

mgyoe.com

mgyoe.com


ဆန်များ၊ စပါးများကို စလယ်တောင်းနှင့်ထည့်၍ ကိုယ်စီကိုင်လျက် လာသူကလာ၊ ပြန်သူကပြန်၊ စောင့်သူက စောင့်နေကြလေ၏။ ထိုအခိုက်တွင် ရွာနှင့်တစ်မျှော်လောက်ဝေးသော မီးရထားလမ်းမှ သေးငယ်စူးရှသော ဥသြသံကို တစ်အားကုန်ဟစ်ကာ တဝုန်းဝုန်း၊ တဂျုန်းဂျုန်း ခုတ်သွားသော မီးရထားသံသည် ရွာထဲသို့ လိုမ့်၍ဝင်လာသဖြင့်...

"သာပို့ရထားကြီးတောင် သွားပြီတော်၊ မောင်တို့ ပြန်လာကြတော့မှာပဲ၊ မြန်မြန်လုပ်ပေးပါ ဒေါ်ငွေမရဲ့" စသည်ဖြင့် ပူဆာသူက ပူဆာ၍...

"ဟုတ်သယ်... ဟုတ်သယ်... စောင့်ရသာကို ကြာလှဘီ၊ သာပို့ကြီးတောင် သွားပါဘီတော်" ဟု ညည်းသူကညည်းပြီးလျှင်...

"တို့များ အရင်ရောက်ပါ့တော်... သာပေမဲ့ ရှင်နှင်းမြိုင်တို့က သူကြီးတူမမို့ အရင်ရသွားသတော့၊ မျက်နှာကြီးပါပေရဲ့" ဟု မျက်စောင်းချိတ်ပြောသူက ပြောရင်း မုန့်ပေါင်းဆိုင်ကြီးမှာ ဆူညံလှုပ်ရှား၍ နေလေတော့၏။

နေ လည်ပြန်ကြည့်လောက် ရောက်သောအခါ လယ်ထဲမှ လူအချို့အဝက် ရွာထဲသို့ ပြန်ရောက်လာကြ၏။ အချို့လည်း မပြီးတတ်သေးသောကြောင့် ကျန်နေရစ်ခဲ့ကြသေး၏။ နေရှိန်လည်း အတန်ပြင်းလေပြီ။ ရွာမှာ ငြိမ်သက်နေဘိတော့၏။

တောင်လေပြည်ကလေးလည်း ပျင်းပျင်းရိရိ တိုက်ခတ်နေဟန်ရှိသည့်အတွက် ရွာဦး ဆုတောင်းပြည့်ဘုရားမှ ဆည်းလည်းသံကလေးတို့သည် တည်ညံတစီစီဖြင့် မြည်၍နေကြလေ၏။ ဒေါက်... ဒေါက်... ဒေါက်နှင့် လက်ကျညီသော ကောက်ရိုးစဉ်းသံ သည်လည်း အချက်မှန် ပေါ်၍လာလေ၏။ 'ချွင်... ချွင်... ချပ်' ဟု လက်ခတ်တွင်တပ်ထားသည့် ခြူသံကလေးတို့သည်လည်း ရက်ကန်းခတ်သော အိမ်များဆီမှ သာယာစွာ ထွက်ပေါ်လျက်ရှိလေရာ ယင်းသို့သော အသံမျိုးစုံ ပေါ်ထွက်၍နေခြင်းမှာ ကြားရသူတိုင်းကို နားဝင်ချိုစေလေရကား ထိုရွာသူ ရွာသားတို့နှင့်တကွ ထိုရွာကြီးမှာ အဘယ်ပုံချမ်းမြေ့စွာ ရှိနေသည်ကို သိနိုင်ရန်ကဲ့သို့ ဖြစ်၍နေလေ၏။

လယ်ဧက သုံးထောင်ကိုပိုင်သော ဦးနေဝင်းတို့သားအမိ သားအဖ တစ်စုကား သူရင်းငှားများနှင့်တင် အားမရဘဲ ကိုယ်တိုင်ထွက်၍လည်း ပျိုးနုတ်၊ ကောက်ရိတ်၊ ကောက်လှိုင်းတို့ကို ပြုကြသောကြောင့် သူများထက် အပြန်နောက်ကျလျက် ရွာလယ်လမ်းမကြီးမှ ဖုန်တထောင်းထောင်းနှင့် လှည်းမောင်း၍ ဝင်လာနေကြ၏။ ဆယ်တင်းကြီးအောင်သာ လယ်ကွက်ကိုပိုင်သော ကိုရန်နိုင် သားအဖနှစ်ယောက်လည်း ချည်လုံ

mgyoe.com

ချည်နွမ်းများကို ခေါင်းကိုယ်စီပတ်လျက် အင်္ကျီမပါသော်လည်း လုံချည်ကို ဒူးဖုံးလောက်ဝတ်ကာ တံစဉ်များကို ထမ်းလျက် ရွှင်လန်းစွာ လျှောက်လာနေကြဘိ၏။

လယ်ထဲက ပြန်ရောက်၍ လက်ဖက်ရည်ကြမ်းတစ်ကရားလောက်ကို ပဲကျားရေပွအမြည်းနှင့် အမောပြေ အပန်းပြေ သောက်ပြီးကြသော ကိုဒေါန၊ မောင်သာခင်၊ ဦးဘိုးရွှင်တို့လူစုကား ညနေစာအတွက် သနပ်ပင်တက်သူကတက်၍ နောက်ဖေးဘူးစင်သို့ ဝင်သူက ဝင်နေကြလေ၏။ ဖိုးမောင်မှာမူ အမေဖြစ်သူက ကန်စွန်းချဉ်ရည်သောက်ချင်သည်ဟု မနေ့ကတည်းက ညည်းနေသောကြောင့် ရွာမြောက်ဘက်ရှိ ချောင်းငယ်ကလေးဆီသို့ ရှေးရှု၍ ထွက်သွားနေရာ ဓာတ်သိသော မယ်အောင်က "ကျုပ်တို့ဖို့ပါ နည်းနည်းပိုခဲ့ပါ ကိုဖိုးမောင်ရေ့..." ဟု လမ်းမှ ဆီးကြို၍ လှမ်းမှာသော အသံကိုလည်း ကြားလိုက်ရလေ၏။

ထိုနေ့အတွက် အလုပ်ပြီးပြီဖြစ်၍ အေးချမ်းငြိမ်သက်စွာ စုဝေးဝိုင်းဖွဲ့၍ စကားပြောကြရာမှ သဘောကျသဖြင့် ရယ်မောလိုက်ကြသော အသံများ၊ အိမ်ခေါင်ထက်မှ မောင်နှံတွဲဖက် ရွှင်ပျော်လျက်ရှိကြသော စာကလေးငှက်တို့၏ တွတ်တီပါလီ




ပြောဆိုမြည်တမ်းကြသော အသံကလေးများ၊ မာလကာပင်၊ သရက်ပင်၊ မန်ကျည်းပင် စသော ရွာတွင်းရှိ သစ်ပင်များမှ အော်ဟစ်ကြသော နှံပြီစုတ်၊ ကျီး၊ ခို၊ ငှက်တို့၏ အသံများ၊ မိမိစားရန် ကြံရွယ်ထားသော ဩဇာသီးမှည့်ကို ငှက်ချီသွားသဖြင့် ဒေါပွလျက် တတွတ်တွတ် ရေရွတ်သော ရှဉ့်၏ ကြိမ်းဝါးမာန်မဲသံများ၊ နို့ဆာသဖြင့်လည်းကောင်း၊ သဘောမကျသော အကြောင်းကိစ္စတို့ ပေါ်ပေါက်သဖြင့်လည်းကောင်း တအီအီ၊ တအာအာ တစ်အိမ်ခြား နှစ်အိမ်ခြားတိုင်းက ငိုကြသော ကလေးသံများ၊ ရွာတောင်ဖျား မောင်ဖြူထွားကလည်း မောင်းဆိုင်းကလေး တီးတတ်စမို့ ရွာတွင် အလှူရှိလျှင် အချောဆုံးမို့ ရှင်လောင်းလှည့်ရာ၌ ကွမ်းတောင်ကိုင်ရသော ကွမ်းတောင်ကိုင် မယ်ကြင်တို့အိမ်က ကြားလောက်ရုံမျှဖြင့် "မိုးကုဋ္ဌာ... ဒေဝါညွှန်းပါလို့... ရွှန်းဆော်စိမ်... များနိုင်ငံ ပိုင်စံနေသို့လင်း..." ဟူသော တေးကို အတောမျှားများနှင့် မောင်းဖျားခတ်၍ ပြသောအသံများ စသည်ဖြင့် တစ်မျိုးစီဆူညံကာ ရောထွေးပွေရှုပ်နေသည့်မှာ

mgyoe.com

mgyoe.com


အေးမြချမ်းမြေ့သောရွာကို သာယာအောင် ဖြေဖျော်နေသကဲ့သို့ ရှိလေ၏။

နေကလေး အနည်းငယ် စောင်းသွားသောအခါ အိမ်တိုင်းစေ့ မီးခိုးအူ၍ လာကြလေ၏။ ညနေစာချက်ပြုတ်ကြပြီ။ မောင်ကံရေးကား တောမှခွေခဲ့သော ထင်းများကို ဖြတ်တောက်ပေးနေ၏။ ဦးနေဝင်းမှာ ထမင်းချက်သည့်နေရာနှင့် မနီးမဝေးတွင် ထိုင်၍ ကြိမ်များ သပ်ကာ ကရွတ်ထိုး နေဘိ၏။ ကိုရန်နိုင်ကား အိမ်ရှေ့ခလောက်ဆွဲ ကဲလားမှ ကပ်စများကို ကျိုးနေသောကြောင့် ကျုမြှားနှင့် ဖာထေး၍ နေလေ၏။ ကိုဖိုးကွန်းတို့ အိမ်ရှေ့ကွင်းပြင်၌ မယားနှင့် ကလေးနှင့်ရှိပြီးသူများ ခြင်းလုံးခတ်စ ပြုကြ၏။ သုံးယောက်တည်းစ၍ ခတ်ရာက တစ်ယောက်လာ တစ်ယောက်လာနှင့် ဝိုင်းကျယ်လာလေ၏။ သို့သော်လည်း မဟာနှင့် စလွယ်ကောင်းသော မောင်သူရ မရောက်သေးသဖြင့် တမျှော်မျှော်နှင့် ခတ်နေကြရ၏။ မွန်းကြယ်ကြီးကား နောက်ပေါက်နှင့် ခြေခွင်ကောင်း၏။ သို့ရာတွင် ပျော့ပျော့ပျောင်းပျောင်းမရှိ၊ ခြင်းထွက်မာသဖြင့် တယ်မကြိုက်ကြသေး။ ကြီးဒေါ်နှစ်မှာ ဟင်းချိုချက်ရန် ဘူးသီးလှီးနေရာမှ သားဖြစ်သူ မောင်သာခင် ထမင်းစားမကောင်းဟု ဥပုသ်နေ့ နံနက်ကတည်းက ညည်းနေသည်ကို သတိရသဖြင့် ငည့်သည်လာလျှင်ကျွေးရန် အိမ်ပေါ် မျိုးတင်သော စင်၌ ကြိမ်ဆိုင်းနှင့်ဆွဲ၍ ချိတ်သိမ်းထားသော ဆတ်သားခြောက်တစ်တိုကို ယူရန် ထိုင်ရာမှထ၍ အိမ်ပေါ်သို့တက်သွားလေ၏။ အေးမတို့အိမ်မှ မအော်မဟာစ်မိဘဲ ငရုတ်သီးခြောက် ငါးတောင့် တံစို့ထိုးကာ မီးကင်မိသောကြောင့် မပြောမဆို လုပ်ရ မလားဟု ကလေးရှိသော အိမ်နီးချင်းများက ဆူလို့။



ကန်ပေါင်ရိုးသို့ ရေခပ်ထွက်ရန် အပျိုတွေစုဝေးကြ၏။ မယ်နက် သနပ်ခါး လိမ်းမပြီးသေးသဖြင့် ရွာလယ်လှည်းလမ်းမှ ရပ်၍ စောင့်နေကြ၏။ ရှင်ပုတုမှာ နောက်ကျနေမှာကို စိုး၍ ရေအိုးတောင် မရွက်နိုင်ဘဲ လက်မှဆွဲကာ သနပ်ခါးဘဲကျားနှင့် လျှင်မြန်စွာ လာ၍နေဘိ၏။ မယ်ညိုကား ရပ်၍

mgyoe.com

mgyoe.com



စောင့်နေရာမှ ဖုန်တွေဗရပွ ပွနေသော ဖိနပ်မပါသည့် ခြေထောက်ကို မြေတွင် ဆောင့်၍ခါကာ "နောက်ကျနေမှာစိုးလို့အေ...၊ ခြေထောက်တောင် သနပ်ခါးမလိမ်းခဲ့ရဘူး..." ဟု အပျိုလုပ်ရခြင်း၌ မကျေချမ်းသကဲ့သို့သော မျက်နှာနှင့် ငုံ့၍ကြည့်ရင်း ပြောလေ၏။ မယ်ကြင်ကား လူကြုံသွားသဖြင့် မြို့သို့ လှမ်းမှာလိုက်သော သရက်ထည်လုံချည် ငါးမူးတစ်ပဲတန် အသစ်စက်စက်ကို ဒုံးခံဝတ်ကာ ခပ်ကြော့ကြော့ ထွက်လာလေ၏။ ရေခပ်လမ်းသို့ သွား၍ထိုင်ရန် အဖော်သာရေးကို စောင့်နေသော မောင်ဖြူထွားကား မယ်ကြင်ကို နောက်နားမှ လှမ်း၍မြင်လိုက်ရသည့်အတွက် တပြုံးပြုံး။

ပလွေမှုတ်ကောင်းသော မွန်းရွှေရေးလည်း မနေ့က ဖွပ်လျှော်ထားသော စွပ်ကျယ်အင်္ကျီကိုဝတ်ရန် ဖာထဲမှဖွင့်ယူနေလေ၏။ ရဲရဲတောက်နီနေသည့် ပန်းစည်းကြိုးပေါ်အောင် ထုံးထားသော သျှောင်စောင်းမှာ ဘေးသို့ ဖွာလန်ကျနေသော ဆံစတို့ကို လက်နှင့်အထက်သို့ပင့်၍သပ်ကာ ထောင်လိုက်ချိုးထားသော လက်ကိုင်ပဝါဖြင့် နဖူးထိပ်တွင် ယုန်နားရွက်ကလေးများကဲ့သို့ ထောင်နေအောင် ချည်နှောင်လျက် ရေချမ်းအိုးစင်ပေါ်က ပလွေကို ဆွဲယူကာ ဆင်းသွားလေ၏။

ပြောင်နေသော ကန်ရိုးလမ်းဘေးရှိ မြက်ခင်းများပေါ်တွင် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲထိုင်နေကြ၏။ ရေခပ်သွားသူများ မပြန်လာသေး။ ဝင်လုနီးသော နေမင်းလည်း နေစွယ်ကျိုးကာ ဝါ၍နေပြီ။ ရွာနှင့်ခပ်လှမ်းလှမ်း တောင်ရိုးတန်းထိပ်မှ ဦးနေဝင်းတို့အဖေ တည်သွားသော တောင်ပေါ်ဘုရား ထီးတော်ဖျားမှ မှန်ရောင်ကလေးလည်း တဝင်းဝင်း တလက်လက်။ ရွာထဲက ချက်ကြပြုတ်ကြသော မီးခိုးကလေးများလည်း တွန့်တက်လိပ်ကွေးကာ ကောင်းကင်သို့ ထိုးတက်နေကြ၏။

ဗျိုင်းအုပ်တစ်ခုကား အတောင်ကို ညီစွာခတ်လျက် အနောက်ဘက်သို့ မျက်နှာမူ၍ ရွာကိုကျော်ဖြတ်ကာ ဖြည်းညင်းစွာ ပျံသန်းသွားနေကြ၏။ အချိန်တော်ပြီဖြစ်၍

mgyoe.com

ရွာထဲသို့သွားရန် ပြန်ခေါက်လာကြသော နွားကျောင်းသားတို့ကား ရွာအေးမှ စီ၍ နွားများကို မောင်းလာနေကြ၏။ ကောက်ရိတ်ချိန်ဖြစ်၍ စပါးပုံ၊ ကောက်ရိုးပုံနှင့် လှေ့စင်များသည်လည်း လယ်ကွင်းများထဲမှ ပေါ်ထွက်ကာ ရွာကို ဝိုင်းရံ စောင့်ရှောက်နေကြသည်နှင့် တူတော့၏။ စာခြောက်သော တိုင်များကား ခေါင်းတုံးနှင့် လူကြီးတွေ ရပ်နေသည်နှင့် တူလှ၏။ ရွာဦးကျောင်းက ပရိတ်ကြီးကုန်မှ ကိုရင်လူထွက်၍ လာခဲ့သော မောင်ကံရေးကား ထိုမျှသာယာလှသော မိမိတို့ရွာ၏ ရှုမျှော်ခင်းကြီးကို မြင်ရသောအခါ စာစပ်လိုစိတ်တွေ များစွာပေါ်ပေါက်ခဲ့လေ၏။ သို့သော်လည်း ဘယ်လိုစပ်ရမည် မသိ၍ စလေဦးပုညကိုသာ လွမ်းဆွတ်မိရှာတော့၏။

ရေခပ်သော အပျိုတွေ တသီတတန်းကြီး ပြန်လာကြပြီ။ ကာလသားတွေ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။ သူကြီးညီ ဖိုးကွန်းတစ်ယောက်သာ ထန်းတောဘက်မှ လှည့်လာသူဖြစ်၍ စိုက်နေတော့၏။ မွန်းရွှေရေးကား ပလွေကို ငါးပေါက်သံစမ်းစ ပြုနေ၏။ ဖိုးမောင်မှာ ပလွေမှုတ်တတ်သူနှင့် ပူးတွဲထိုင်ရသဖြင့် အထူးဂုဏ်ရှိသည့် မျက်နှာနှင့် ရဲရဲတင်းတင်း အပျိုတွေလာသည်ကို ကြည့်နေဝံ့၏။ သာရေးနှင့် မောင်ဖြူထွားကား တိုးတိုးပြောရင်း ပြုံးနေလျက်ပင် ရှိကြသေး၏။ အပျိုတွေ တဖြည်းဖြည်း လျှောက်လာကြ၏။ ထင်ပေါ်ချင်၍ ရှေ့ဆုံးက ကော့ကော့ ကော့ကော့ လျှောက်လာသော မယ်ညိုကိုမှ ရေအိုးက ဘောင်ဘင်ခါ၍ စီးကျသောကြောင့် သနပ်ခါးဘဲကျားမျက်နှာတွင် ရေစီးကြောင်းတွေပေါ်၍ နေတော့၏။ မယ်ကြင်၏ လုံချည်ကား အသစ်ကြီးဖြစ်၍ တပ္လတ်ပ္လတ်၊ ရှင်ငွေခိုင်မှာ အလိုလိုနေရင်းက ပြုံးတတ်ရာတွင် ကာလသားတွေရှေ့၌ကား ဣန္ဒြေဆောင်၍မရဘဲ ပြုံးချိုချို မျက်နှာနှင့်သာ မျက်လုံးကို တော်ရာသို့ လွှဲဖယ်ရင်း လျှောက်နေရလေ၏။ အေးမမှာကား တစ်အိမ်လုံး စားသူ လေးယောက်အနက်တွင် သူတစ်ယောက်သာ အလုပ်အများဆုံး လုပ်သူ ဖြစ်သောကြောင့် ကြမ်းကြမ်းတမ်းတမ်းကြီးနှင့် နောက်မှ ဆင်လိုက်နေသည့် ဟန်မျိုး ဖြင့် ဖိနပ်မပါသော ခြေထောက်နှင့် နင်းသည်ပင်၊ ကန်ပေါင်ရိုးညည်းသံပေါ်လာ အောင် ပြင်းပြင်းထန်ထန်နှင့် ခပ်မြန်မြန် လျှောက်လေ၏။ မယ်အောင်မှာ နဂိုကလည်း ပျော့ပျော့နွဲ့နွဲ့၊ ကာလသားတွေရှေ့မို့လည်း အမူလုပ်သည့်အတွက်...

"...ဖွား... ခြေ... တော်၊ နာတယ်... မောင်ရယ်...' ဆိုသော တေးမျိုးကဲ့သို့ မလှမ်းနိုင် လှမ်းနိုင်၊ ယိုင်တော့မတတ် ဟန်မျိုးနှင့် လှမ်းလေ၏။

ရွာဆော် ဦးကံ၏သား နည်းနည်းမိုက်သည်ဟု လူပေါင်းနည်းပါးသော

mgyoe.com

mgyoe.com


မောင်ဝက်ကြီးကား အပျိုများလွန်သွားသည်နှင့်တစ်ပြိုင်နက် "အဟမ်း အဟမ်း..." ဟု ချောင်းသံပေးပြီးသည်နှင့် တစ်ပြိုင်နက် "သည်ချောင်းကလည်းဗျာ... အရေးထဲမှ ဆိုးလိုက်တာ..." ဟု တစ်ယောက်တည်း ရေရွတ်ရင်း ပြုံး၍ နေလေ၏။ မိန်းမ သုံးယောက်တိတိ လျော်ကြေးပေးပြီးရသော ရွာတွင်းအဘိုးကြီးများက ကာလီဒါသ သေလို့ ဝင်စားသည် အထင်ခံနေရသည့် အောင်သာကမူကား၊ ထိုင်ရာမှ ရုတ်တရက် ထလိုက်ကာ၊ "ဗျို့ မနှင်းမြိုင်၊ မရှိမသေဗျာ... ဆေးလိပ်မီးတစ်ညှို" ဟု ပြောရင်း နှင်းမြိုင်အနားသို့ကပ်ကာ ဆေးလိပ်မီးညှို၍ နေလေ၏။ မွန်းရွှေရေးကမူကား ပလွေသံဖြင့် ဖမ်းလျက်ရှိလေ၏။

"ကြက်ကလေးရယ်တဲ့ တစ်ကောင်နှစ်ကောင်၊ ခြံထဲမှာ လှောင်တယ်လေ... တော်၊ ပျိုတို့မောင် မင်္ဂလာဆောင်မှ ကြာဆံတိုက်မယ်... ဗျာဆံဝိုက်ကယ်၊ ဟဲ... ဟယ်... ဟယ်..." ဟု။

မေးရိုက်ကလေးများများနှင့် မှုတ်သည်မှာ အပျိုတွေနားသောတဆင်၍ မဝနိုင် အောင် ဖြစ်နေကြလေ၏။

"ကိုရွှေရေးက... တော်တယ်တော့..." ဟု တစ်ယောက်တစ်ခွန်း တီးတိုး ချီးမွမ်းသွားကြလေ၏။

"ဟာ... မတော်ဘဲရှိပါ့မလား၊ ဆုံကုန်းရွာ ဦးသာဖြေအငြိမ့်က ပွဲကရတဲ့အခါ ထမင်းစား တစ်မတ်နဲ့တောင် လာခေါ်တာပဲ၊ သူ့အမေက 'တို့အမျိုးထဲမှာ ဖက်ခွက်စား တစ်ယောက်မှ မရှိခဲ့ဖူးပါဘူး မောင်ရယ်' လို့ ရင်ဘတ်စည်တီးနဲ့ တားမြစ်လို့သာ မလိုက်ရရှာတာပဲ"စသည်ဖြင့် ကောင်းချီးသြဘာ ထောမနာလွှင့်ရင်း တဖြည်းဖြည်း လျှောက်သွားကြလေ၏။

မကြာမီ ကန်ပေါင်ရိုးပေါ်တွင် လူသွားလူလာ ရှင်းလင်းစပြုလေ၏။ ကာလသားများလည်း ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြ၏။ လင်းနို့ကလေး များထွက်လာကြကာ ပျံဝဲစပြုလာကြပြီ၊ နေမင်းလည်း အနောက်ဘက်တွင် လုံးလုံး ကွယ်ပျောက်အောင် ဝင်သွားလေ၏။ ရွာဦးကျောင်းမှ တုံးခေါက်သံနှင့် ခွေးတွေ ညံစီအောင် အူကြသောအသံများ တစ်ဖန်ပေါ်လာကြပြန်၏။ သူကြီးအိမ်မှ ကင်းခေါ်သော မောင်းငယ်သံကလေးလည်း၊ တနောင်နောင် အော်မြည်၍ နေလေ၏။ ခဏကြာသောအခါ ချမ်းမြေ့သာယာလျက်ရှိသော ရွာကြီးကား မှောင်ထဲတွင် ပျောက်ကွယ်သွားလေတော့၏။

mgyoe.com

mgyoe.com


အရိုးနှစ် ဆေးလိပ်သောက်နေသည်ကား မှောင်ထဲမှ မီးတဝင်းဝင်း၊ ကြီးတော်ဥ လည်း ထိုနည်းပင်။ သူကြီးအိမ်ကမူကား ရေနံချေး မီးခွက်ကြီးထွန်း၍ ထားဘိ၏။ ရွာအလယ် ဝတ်ဇရပ်မှ မီးကလေး မှိတ်တုတ်မှိတ်တုတ်နှင့် ဦးဆိုးပုံ ကြေးစည်တီးနေဘိ တော့၏။ ဦးနေဝင်းတို့အိမ်ကား သား၊ မြေး၊ မြစ်တွေ များသောကြောင့် အလှူကလေး တစ်ခုလောက် တအုန်းအုန်း တရုန်းရုန်း ထမင်းစားနေကြ၏။ သုံးနှစ်သားရွယ် နောက်တိုးက ချဉ်ပေါင်ဟင်းများများ ထည့်မပေးသဖြင့် ညံနေအောင်ငို၍ နေ၏။ ကာလသားခေါင်းအိမ်တွင် ကာလသားတွေစုကြပြီး ကျပန်းစကားကို ပြောနေကာ တသောသော တဝါးဝါးနှင့် ဟားတိုက်ရင်း ပျော်ပါးနေကြ၏။ အချို့အပျိုများကား ဗိုင်းငင့်သူငင်၍ အိမ်သားများ သောက်ရန် ပြောင်းဖူးဖက် ဆေးလိပ် လိပ်သူလိပ်နေ ကြလေ၏။ အချို့မှာ အိမ်နောက်ဖေး စပါးကျီထဲမှ စပါးများကို တင်းတောင်းနှင့် ရွက်ကာ အဘွားလေးသန့်တို့ အိမ်ရှေ့ရှိ ကျယ်ဝန်း၍ အထောင်းရသက်သာသော 'မောင်း' သို့ ဆန်ဖွပ်ရန် လာကြ၏။ သစ်ပင်တွင်ကြိုးနှင့်ချိတ်၍ ထွန်းထားသော ရေနံချေးမီးခွက်ရောင်အောက်၌ ဗိုင်းဖွဲ့ကာ ပြာသူကပြာ၊ နယ်သူကနယ်၊ ထောင်းသူ က ထောင်းဖြင့် တပျော်တပါးကြီး ပြီးလွယ် စီးလွယ်အောင် သူ့ဟာငါ့ဟာ မရွေး ဝိုင်းဝန်းကူညီနေကြလေ၏။ ဂျောင်း... ဂျောင်းနှင့် တစ်ချက်ချင်းမှန်မှန် မြည်နေသော မောင်းသံသည်ကား ရွာရိုကလေးသူငယ်များအား အိပ်အောင် တေးဆိုချော့နေသည်နှင့် တူနေလေတော့၏။

သက်ကြီးခေါင်းချ ကြက်တွန်သောအခါ ရွာတွင် တိတ်စပြုလျက် ဝတ်တက် နေသော ဇရပ်မှလည်း ကြေးစည်ရိုက်ကာ အမျှဝေသံကို ကြားရလေ၏။ ခဏာ ကြာသောအခါ တဖြည်းဖြည်း တိတ်ဆိတ်ရာမှ ဘကြီးဖြိုးတို့ ဘုရားရှိခိုးမေတ္တာပို့ အမျှဝေသော အသံတို့လောက်သာ ကျန်တော့လေ၏။ ရွာပေါက်ကင်းတဲများမှ ဝါးလုံး ခေါက်သော အသံတို့သည် တစ်တဲပြီးတစ်တဲ အလှည့်ကျနှင့် လေးမျက်နှာစေ့အောင် ပေါ်လာကြ၏။ လုလင်ပြန် ကြက်တွန်သောအခါ၌ကား တစ်ရွာလုံး အိပ်မောကျကာ ငြိမ်သက်တိတ်ဆိတ်သွားလေသတည်း။

ယင်းသို့လျှင် နေ့စဉ်နှင့်အမျှ ဤနည်းအတိုင်းအားဖြင့်သာလျှင် မောင်တို့ရွာ ကလေးမှာ သာယာချမ်းမြေ့ စိတ်ပျော်မွေ့ဖွယ်ရှိခဲ့သော်လည်း ကျွန်တော့်မှာမူ မနေသာသော အကြောင်းကိစ္စတစ်ခုကြောင့် ထွက်ခွာပြောင်းရွှေ့လာခဲ့ရပြီးနောက် သာယာသောရွာကို သတိရတိုင်း ရတိုင်း မျက်စိထဲတွင် ဖော်ပြခဲ့သော အနေအထိုင်

mgyoe.com

 mgyoe.com 

များသာလျှင် မြင်ယောင်၊ ကြားယောင်ကာ လွမ်းဆွတ်တမ်းတမိရင်း နေ့ရက်တို့ ကုန်ခဲ့ခြင်းဖြင့် တစ်နေ့၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်နှင့် နောက်ဆုံးတွင်သော်ကား ဆယ့်ငါးနှစ်လောက်ကြာ၍ လာခဲ့လေတော့၏။

ဤတွင်မှ ကိစ္စတစ်ခုကြုံ၍ မမျှော်လင့်ဘဲ ရုတ်တရက် ပြန်ရောက်သွားရာ ကျွန်တော့်စိတ်တွင် ဟုတ်မှ ဟုတ်ပါလေရဲ့လားဟု အံ့အားသင့်၍ သွားမိတော့၏။ အကြောင်းမူကား လုံးလုံး ပြောင်းလဲနေခြင်းကြောင့် ဖြစ်တော့၏။ ဆွေမျိုးသားချင်းနှင့် သိကျွမ်းဖူးသူတို့ကို တွေ့မြင်ရသောကြောင့်သာ မောင်တို့ရွာမှန်း သိရတော့၏။

ဖုန်တထောင်းထောင်းထသော ရွာလယ်လှည်းလမ်းမကြီးကား ပျောက်ကွယ်၍ နေကာ မော်တော်ကားများ ဖြတ်သန်းသွားလာရာ ကျောက်လမ်းကြီးဖြစ်နေတော့၏။ လမ်းဘေးရှိ ခလောက်ဆွဲအိမ်တို့လည်း မရှိကြပြီ။ မျက်နှာဒုံးပိတ်နှင့် နှစ်ထပ်ပျဉ်ထောင် အိမ်တွေ ဖြစ်နေကြတော့၏။ ရွာအဝင်ဝတွင် တရုတ်လက်ဖက်ရည်ဆိုင်နှင့် ရွာလယ်တွင် ကာကာကုန်စုံဆိုင်များ ဖွင့်ထားကြတော့၏။ မောင်သာရေးတို့ အိမ်နေရာကလေးကား ကုလားဆံပင်ညှပ်ဆိုင် ဖြစ်နေသည်ကို မြင်ရလေ၏။ ရွာလယ်မှ ကလေးသံတညံညံနှင့် မိုးနှင့်မြေကြီး တွေ့ဆုံရန်နီးသော နေရာကို မိုးကုပ်စက်ဝိုင်းဟု ခေါ်သည်... ဟု ပထဝီပညာကို တညီတညာတည်း အံနေကြသော လောကဓာတ်ကျောင်း တစ်ခုလည်း ရောက်၍ နေတော့၏။ ကျောင်းဆရာမကား ခပ်လှလှ၊ ရွာဦး ဘုန်းတော်ကြီးကျောင်းမှာမူ၊ ကျီးနှင့် ဖုတ်ဖုတ်ရှိတော့၏။

အင်္ကျီတုံးလုံးနှင့် လုံချည် ဒူးဖုံးဝတ်သော အလေ့ကား လုံးလုံးကွယ်သွားလျက် ဆံပင်ထားသောကြောင့် သျှောင်တစောင်းထုံးထားသည်တို့ကိုလည်း မမြင်ရတော့ချေ။ ဗိုလ်ဆံနှင့်၊ ရှပ်အင်္ကျီနှင့်၊ ပိုးလုံချည်နှင့်၊ လည်ပတ်ဖိနပ်နှင့် လက်ဖက်ရည်ဆိုင်ထိုင်လျက် သတင်းစာဖတ်သူကဖတ်၍ လက်တောက်ဘီလိယက် ထိုးသူက ထိုးနေကြတော့၏။ လယ်သို့ဆင်းကာ အလုပ်လုပ်ရန် သတိရဟန် မတူကြတော့ချေ။

လက်ဖက်ရည်ဆိုင်ချင်း အပြိုင်ဖြစ်၍ တရုတ်ကလေး မောင်စိန်ဆိုင်က လျှော့ဈေး နှစ်ပြားလုပ်ထားသော်လည်း၊ သုံးပြားနှင့် ရောင်းနေသော အာမက်ကာကာ ဆိုင်တွင်သာ လူများစည်ကားနေ၏။ ရွာတွင် အရင်လာ၍ ဖွင့်သော ဖောက်သည် ဟောင်းသော်လည်း ဖြစ်တန်ရာသည်။ သို့မဟုတ် မလိုင်တွေအများကြီး ထည့်ပေးလို့သာ ဖြစ်စရာပေ။

ဖင်သေး ခေါင်းကားနှင့် ပြောင်းဖူးဖက်ဆေးလိပ် သောက်သူများလည်း မရှိ

mgyoe.com

mgyoe.com


သလောက် ရှားပါးကာ၊ စီးကရက် စက္ကူ ဆေးလိပ်ကိုသာ ကိုယ်စီ လက်ကြားညှပ်ထားသည်ကို မြင်ရတော့၏။ ရွာလယ်လမ်းဘေးရှိ အိမ်များတွင်လည်း စားပွဲနှင့် ကုလားထိုင်နှင့် ဘန်ကာလီမှန်ဗီရိုနှင့် ဖြစ်နေကြတော့၏။

မော်တော်ဘတ်စ်ကားများလည်း ခဏ၊ ခဏ ဖြတ်လာကာ ဆင်းသူတက်သူ အစဉ်ရှိနေလျက် "လာနော် ဆတောင်၊ ဇီးကုန်း၊ ကံဘဲ့၊ ကျွန်းညို၊ လေ့တက်ကို" စသော စပယ်ယာတို့၏ အော်ဟစ်သံဖြင့် ရွာကိုနှုတ်ဆက်လျက် ထွက်သွားကြသည်ကို တွေ့ရလေတော့၏။ ယခင်က တစ်နေ့လုံးမှ နှစ်ခါလောက်သာ ကြားရသော မီးရထားခုတ်သံသည်လည်း ယခုအခါတွင်ကား တစ်နာရီလျှင် တစ်ကြိမ်လောက် ကြားနေရတော့၏။

ရှေးအိမ်တွေပျောက်၍ ကာလအိမ်တွေ ဆောက်လာကြသဖြင့်လည်း စပါးကျီများပါ ကွယ်ပျောက်ကုန်တော့၏။ စပါးကျီဆို၍ ဦးနေဝင်းတို့ ဆွေသားမျိုးစုပိုင်လောက်သာ ရှိတော့ကြောင်း မြင်ရလေ၏။ ယခင်က စည်ကားခဲ့သော မုန့်ပေါင်းဆိုင်ကလေးကိုလည်း မတွေ့ရတော့ချေ။

မောင်သာခင်၊ မောင်ဖိုးမောင်တို့လည်း ဒိစတြိတ်ကောင်စီလူကြီးများ ဖြစ်နေကြတော့၏။ ဖိုးခွေးတို့ ညီအစ်ကို တစ်သိုက်ကား လူဝါးအဝဆုံးဖြစ်ကာ လည်ပင်းရော၊ ဖိနပ်ရော အရောင်တောက်သော ပစ္စည်းများကို ဝတ်ဆင်ထားလျက် ကရိုမီယံဒန်ရောင် လက်ပတ်နာရီကို လူတိုင်းမြင်စေရန် ဖယောင်းတောင့်နှင့် ဖိလျက် ပိနေအောင် ဖိထားသော ဗိုလ်ဆံကိုလည်း လက်နှင့်မကြာခဏသပ်ရင်း စကားပြောနေကြတော့၏။

အပျိုတွေမှာလည်း ဆံပတ်ကြီးနှင့်၊ ဒိုဘီချ အင်္ကျီနှင့်၊ ရွှေလက်ပတ်နာရီနှင့်၊ ပိုးတွန့်လုံချည်နှင့်၊ ကတ္တီပါပုံတော် ခုံထူဖိနပ်ပန်းရေးနှင့် သနပ်ခါးဖွေးနေအောင် ခြေဆုံးခေါင်းဆုံး လိမ်းထားကြသည်ကို တွေ့မြင်ရ၏။ ချွင်... ချွင်... ချပ်ဟု လက်ခတ်သံ ရွှေချူဆန်သော ရက်ကန်းသံတို့ကား ကြားလိုလို့မှ မကြားရတော့ချေ။

ပလွေ၊ ဒိုးပတ်၊ မောင်း၊ ဆိုင်း စသည်တို့ ဝါသနာပါသော မောင်ဖြူထွား၊ မွန်းရွှေရေး၊ မောင်ဖိုးမောင်တို့ အဆက်အနွယ်ထဲက ဆင်းသက်လာကြသည်နှင့် တူသော နောက်လူငယ်စုတို့ကား ဘင်ဂျိုနှင့် တယောနှင့် ကော်နက်နှင့် ဖြစ်နေကြတော့၏။

မြို့ကြီးများသို့ စာပေးမှာယူကြသဖြင့် ကုန်တိုက် အမျိုးမျိုးမှ ပို့လိုက်သော

mgyoe.com

mgyoe.com
ဘီပီပါဆယ်ထုပ်များလည်း စာပို့ပြာတာတွင် တလွယ်ကြီး ထမ်းရကာ တစ်အိမ်တက်ဆင်း ပြောင်းလဲရင်း ပေးနေရသည်ပင် မပြီးနိုင်အောင် အလုပ်များနေရှာတော့၏။

ယောကျ်ားကလေးများတွင် သျှောင်ပေစူးတွေ ပျောက်လျက် ဗိုလ်ဆံတောက်အတို ဖြစ်နေကြသကဲ့သို့ မိန်းကလေးများတွင်လည်း ဦးစွန်းဖုတ်၊ ဂျာပိုင်းနှင့် ဆံရစ်ဆံတောက်ပျောက်ကာ 'ဘော့ဘ်ဟဲယား' ခေါ် ဂျပန်ဆံတောက်ကလေးတွေ ဖြစ်နေကြခြင်း ဖြစ်လေ၏။ မောင်သူရနှင့် မယ်အောင်တို့ အကြောင်းပါ၍ ရသောသားများကား ရွာတွင် မရှိကြ။ မြို့ရှိ 'ဟိုက်စကူး' အထက်တန်းကျောင်းကြီးတွင် 'ဘော်ဒါ' လုပ်ကာ ကျောင်းအိပ် ကျောင်းစားနေကြပြီ ဖြစ်၏။ ကိုဒေါနရ၏ သားအထွေးမှာမူ တက္ကသိုလ်ကပင် ဘီ–အေ အောင်ခဲ့ပြီဖြစ်ရာ၊ အလုပ်မရ၍သာ ရွာတွင် ပြန်ရောက်နေခြင်းဖြစ်၏။ သို့သော်လည်း ၎င်း၏စိတ်မှာမူ ဆယ့်နှစ်တင်းကြဲ ကန်သာကုန်းလယ်ကွက်ကြီးကို ရောင်း၍ရလျှင် ဘိလပ်သို့ ဆက်သွားချင်သေးသော စိတ်ရှိဟန်တူ၏။

အသက်ကြီးပြီဖြစ်သော ကြီးတော်နှစ် မမာနေရာ ၎င်း၏ သားသမီးများက မြို့မှဆရာဝန်ကိုပင့်၍ ကုကြလေ၏။ 'ဂိုးလ် ဒင်း ပတ်ဖ်' သေတ္တာမုန့်နှင့် (ဖရိုင်း၏ ဖိုးဖုအင်ဝမ်း) ဖရိုင်း၏ စတုကေအာဟာရကို ဖျော်၍ တိုက်နေကြ၏။

မိန်းမပျိုများမှာလည်း ယခင်ကမှည့်သော နာမည်မျိုးတွေပျောက်ကာ၊ ရှေ့မှ 'ခင်' အလိုလို ရောက်ကုန်ကြ၏။ ခင် မတပ်သူတို့ကား နာမည်ကို နှစ်လုံးဆင့်၍ ခေါ်မှ ကြိုက်ကြကုန်တော့၏။ ဆင့်ဆင့်ရေ၊ မြင့်မြင့်ရေ၊ လှလှရေ၊ မြမြရေ စသည်ဖြင့် ခေါ်ကြရ၏။ ခင်သန်း၊ ခင်အုန်း၊ ခင်မူ၊ ခင်ထွေးစသည်ဖြင့် ဖြစ်နေကြတော့၏။

ယခင်က ညနေ ရေခပ်ထွက်ချိန်မျိုးတွင် အထူး အပျိုလုပ်ကာ ကြံရာမော်တော်ဘတ်စ်နှင့် မြို့သို့ ရုပ်ရှင်ကြည့်ရန် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထွက်သွားကြတော့၏။ ဦးနေဝင်းနှင့် ကိုရန်နိုင်တို့ အမျိုးမှာမူ လူကြီးတွေ စီးဖို့က 'အမ်းမစထရောင်း ကား' လူငယ်တွေစီးဖို့က 'ဆင်းဂါး' မော်တော်ကားကို ဝယ်ထားကြတော့၏။ နာရီဝက်လျှင် တစ်ခေါက်လောက် ဝင်လိုက်ထွက်လိုက်နှင့် ဥဒဟို သွားနေကြတော့၏။ ညနေရေခပ်ချိန်မှာ ယမ်ဂယား ဆာမိတို့သာ အိမ်ပေါက်စေ့ ရေပေးရရင်း အလုပ်များနေကြတော့၏။

မောင်သူရနှင့် မွန်းကြယ်ကြီးတို့ ခြင်းလုံးခတ်ကြသော ကွင်းပြောင်ကလေးမှာလည်း 'ဘက် တ မင် တံ' ကုတ်ဖြစ်ကာ ပါရှင်း ဘောင်းဘီပွ အဖြူ 'ကမ်းဖီးဝဲ' ရှပ်
mgyoe.com

mgyoe.com

စွပ်ကျယ်နှင့် 'ကင်းဘတ်စ်' အဝတ်ဖိနပ် အဖြူကိုစီးကာ ဘက်တမင်တံ ကစားနေသော လူငယ်တစ်စုကိုသာ တွေ့မြင်ရတော့၏။

မှောင်ကြီးမည်းမည်းတွင် မီးရဲခနဲ ရဲခနဲနေအောင် ဆေးလိပ်ဖွာကြသော အိမ်များတွင်ကား 'ဒိုက်ခ်ဇ်' ဖန်မီးအိမ် ကိုယ်စီဆွဲထားကြသည်ကို မြင်ရလေ၏။ သူကြီးအိမ်မှာမူ 'ပက်ထရိုမက်' ဓာတ်မီးအောက်လင်းကြီးနှင့် ဖြစ်၍နေတော့၏။ အိမ်ပေါက်စေ့လည်း ညသွားညလာတွင် အသုံးပြုရန် လက်နှိပ်ဓာတ်မီးအမျိုးမျိုးကို စားပွဲထက်၌ အသီးသီး တင်ထားကြဘိတော့၏။ ကိုဖိုးမောင်၏ သားမှာမူ မီးခြစ်ဈေးတက်တုန်း မြို့သို့ ရောက်သွားသဖြင့် ဓာတ်မီးခြစ်ကလေးတစ်ခုပင် ဝယ်လာခဲ့သေး၏။ လက်ဖက်ရည်ဆိုင်တွင် ထုတ်၍ ခြစ်သဖြင့် အားလုံးက ဝိုင်းအုံ၍ကြည့်ကာ နက်ဖြန်ခါတွင် သွား၍ ဝယ်ရန် အဖိုးစားနား မေးနေကြလေ၏။ နှင်းမြိုင်၏ သားမှာကား မော်တော်ဆိုင်ကယ်ကြီး တဘုတ်ဘုတ်နှင့် ကြွားကြွားရွားရွားကြီးစီးကာ လက်ဖက်ရည်ဆိုင်ရှေ့ ဖြတ်မောင်း၍ သွားလေ၏။ ခြေနင်းဘိုင်စကယ် အမျိုးမျိုး မှာကား အိမ်ပေါက်စေ့လောက် ရှိနေသဖြင့် စာမဖွဲ့သာ။

ထန်းရည်ကလေး ဝါသနာပါသော သူကြီးညီ၊ ကိုဖိုးကွန်းတို့ အိမ်နောက်ရှိ အမှိုက်ချိုင့်ကြီးထဲတွင်လည်း ဘီယာပုလင်း၊ ဝီစကီပုလင်း၊ ဘရန်ဒီပုလင်းအလွတ်များကို တွေ့မြင်ရသေး၏။ ဓာတ်သီချင်းတို့လည်း ငါးအိမ်တွင် တစ်ခု၊ ခြောက်အိမ်တွင် တစ်ခုရှိကာ တစ်အိမ်နှင့်တစ်အိမ် သံပြိုင်ဖွင့်နေကြရာ၊ ဆူညံ၍နေတော့၏။ အရီးမြိုင်နှင့် ဒေါ်ငွေမတို့ကား မယ်အောင်တို့အိမ်ကဖွင့်သော တရားဟော ဓာတ်ပြားကို အကြိုက်ဆုံး ဖြစ်နေကြတော့၏။ သို့သော်လည်း တောင်ပိုင်းမှ လူတစ်စုကမူကား မယ်ကြင်တို့အိမ်က ဖွင့်သည့် 'မကြည်အောင်' ဓာတ်ပြားကို အကောင်းဆုံးဟု ဩဘာ ပေးနေကြလေ၏။ ဖိုးခွေးတို့ကမူ သူတို့အိမ်ကဖွင့်သည့် မောင်ဘဆင်ဟာဝေရီယံ ဂီတာတီးသလောက် ဘယ်သင်းမှ မကောင်းဟု ကိုရွှေရေး၏သား ဘင်ဂျို တီးတတ်သော မောင်မောင်ကြီး ကိုယ်တိုင်က ပြောသည်ဟု ကြွားနေတော့၏။

နွားများ ရွာတွင်းသွင်းချိန်သို့ ရောက်သောအခါ၊ ရှေးကလို လုံချည် တိုတိုနှင့် ပလွေကိုသျှောင်မှာ ထိုးလာသော သူငယ်များကို မမြင်ရတော့ဘဲ၊ ပါးမြိုင်းမွေးနှင့် ကုလားတွေ တုတ်တစ်ချောင်းကိုင်ကာ၊ မောင်းလာသည်ကိုသာ မြင်ရတော့၏။ မောင်းထောင်းသံ၊ ဆန်ဖွပ်သံများလည်း လုံးလုံးတိတ်လျက်၊ မြို့ကြီးစက်မှ ကြိတ်သော ဆန်အိတ်များကိုသာ အိမ်တွင်ထောင်၍ စားနေကြ၏။ ဆန်အိတ် မထောင်နိုင်ကြသူ
mgyoe.com

mgyoe.com


များက ထမင်းချက်ချိန်နီးမှ ကာကာဆိုင်ကိုသွား၍ ပြည်၊ စလယ်မသုံးဘဲ၊ အလေးချိန်နှင့် အရောင်းအဝယ်ပြုသည်ကိုသာ၊ စက္ကူကတော့ဖြင့် ဝယ်ခြမ်းချက်ပြုတ်ကြလေ၏။

လက်ရက်ချည်ထည်တို့လည်း လုံးလုံးပျောက်ကွယ်မလောက်ဖြစ်ကာ နိုင်ငံခြားရက် အထည်အလိပ်များကိုသာ ဝတ်ဆင်နေကြသည်ကို တွေ့ရလေ၏။ ဖိုးသန့်တစ်ယောက်သာ စိတ်မပြောင်းဘဲ၊ "ကျွန်သပေါက်ဖြစ်မယ့် နင်တို့ အတတ်ဆန်းတွေကို ငါမကြိုက်" ဟု ဆို၍ တုတ်တဝင့်ဝင့်နှင့် ရက်ကန်းစင်နားတွင် အမြဲစောင့်၍ ကြိမ်းမောင်းခိုင်းသောကြောင့် မဲပုဆိုးနှင့် ဖျင်ထည်အကျႌဝတ်နေနိုင်သည်ကို မြင်ရသေး၏။

ရွာကြီးမှာ ရှေးကကဲ့သို့ ချမ်းမြေ့ပုံမရ၊ ငြိမ်သက်ခြင်း မရှိ၊ တအုတ်အုတ်၊ တရုတ်ရုတ်ဆူ၍ နေသည်ဟု မှတ်ထင်ရလေ၏။ သူကြီးအိမ်မှ အခွန်တော် တောင်းသော ငွေမောင်းသံသည်လည်း တဒူဒူဆူ၍သာ နေတော့၏။ ရှေးက အချိန်နှင့် အခါနှင့် ပေးနိုင်တော့ဟန် မတူကြ။ ထမင်းချက်ပြုတ်ကြသော မီးခိုးများလည်း ယခင်ကလို တစ်ချိန်တည်း မအူနိုင်တော့ပေ။ အချို့မှာ ခါတိုင်းအချိန်၊ အချို့မှာ နေဝင်မှ၊ အချို့မှာ ဆန်လည်ချေးရာ မရသဖြင့် မချက်ရသေး။ ကလေးတွေကဆာ၍ ဆူသောအခါ ကာကာဆိုင်မှ အကြွေးယူ၍ ကျွေးကြမွေးကြ၏။ အလွန်လွယ်ကူနေကြသည်မှာ ဘိုးဘပိုင်ပစ္စည်းကဲ့သို့ မှတ်နေကြဟန်တူ၏။ ကာကာကမူကား တစ်နေ့တွင် ဆလံပေးကာ ပိုက်ဆံမရလျှင် စပါးကို အဆမတန်ယူရန် အကြံကောင်းနှင့် ဖြစ်ပေတော့၏။ မလုံမသား ပွတ်စူးမှာမူကား အလကားရသည်ထင်သောကြောင့် မလိုင်သွတ် သေတ္တာမုန့်ကို တစ်ထိုင်တည်းနှင့် ခြောက်ခုကုန်အောင် ကြိတ်လေတော့၏။ ညအခါများတွင် တိုင်ကပ်နာရီမှ မြည်ကြသော အသံများ၊ စားပွဲတင် ဘစ်ဘင်နာရီမှ ခေါင်းလောင်းသံများကြောင့် သူငယ်တိတ်ဆိတ်၊ သက်ကြီးခေါင်းချ။ လုလင်ပြန်၊ သန်းခေါင်ကြက်စသော တွန်သံတို့မှာ အလိုလို ပပျောက်ကုန်ကြပြီ။ နေဝင်လုနီးသောအခါ၊ အနာမယား ချစ်တီးကြီးသည် နဖူးတွင် ထုံးနီသားလျက် ငွေအိတ်အခွံကြီးကို ကိုင်၍ မော်တော်ဘတ်စ်နှင့် ပါလာလေ၏။ မကြာမီ အိမ်ပေါက်စေ့ဝင်ကာ မာန်တန်သူကို မာန်၊ ချော့တန်သူကို ချော့၊ မြှူတန်သူကို မြှူရင်း၊ ကျယ်လောင် ကျယ်လောင် ပြောကာ ငွေများ လျှောက်တောင်းနေသည်ကို တွေ့ရလေ၏။

ထိုထက် ဝမ်းနည်းစရာကောင်းခြင်းတို့ကား... လယ်ပြင်ရှိ စပါးပုံကြီးတို့မှာ၊ ယခင်ကကဲ့သို့ ရွာထဲရှိသူ တစ်ဦးဦး ပိုင်ကြောင်း နာမည် ဖွင့်ဖော်ပြောစရာ မရှိသလောက်ရှားပါးပြီးလျှင် လက်ညှိုးထိုး၍ မေးတိုင်း... မေးတိုင်း...

mgyoe.com

mgyoe.com




"ဟို... အပုံကြီးက ထောင်လျှန်ဘီ... တရုတ်ကုမ္ပဏီ သူဌေးကြီးကို အပ်ပြီးသား၊ ဟိုဘက်အပုံတွေက အာမက်မူဆာက စပါးပေး သိမ်းထားတဲ့ဟာတွေ၊ ဒီနားတစ်ဝိုက် အပုံတွေကတော့ မျက်နှာဖြူ ကုမ္ပဏီရဲ့ အဝယ်တော်တွေက တစ်နေ့က ဈေးအကျလိုက်မှာ စရန် ရိုက်သွားတဲ့ ဟာတွေပေါ့"

စသော အဖြေတို့ကိုသာ ကြားရသောအခါ နား၀တွင် မချမ်းသာသော ကျွန်တော့်မှာ ခေါင်းငိုက်စိုက်ချ၍ ငြိမ်သက်နေလိုက်ရတော့၏။

ထို့ကြောင့် ပြောင်းလဲခြင်းကား ခေတ်မီအောင် နိုးကြားလျက် စည်ကားဆူညံစွာ ရှိသဖြင့် အမှတ်မဲ့သော် ဝမ်းသာအားတက်ဖွယ် ဖြစ်သော်လည်း စင်စစ်မှာ သော်ကား "မောင်တို့ရွာ" ကလေးမှာ ရှေးကလို မချမ်းသာဘဲ မွဲရှာပြီကိုမူ လူတိုင်း ဂရုပြုမိကြဟန် မတူချေ။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၆၉။

❑

mgyoe.com

mgyoe.com

# ဆောင်းပါးအမှတ် ၅

**'ယှဉ်တိုင်းကွာ မတုပကြနဲ့၊ နုသမျှဆန်းကြယ်၊ ရွှမဝ နန်းအလယ်မှာ၊ ပန်းစံပယ်တော်ဝင့်'** ဟူ၍ ကဗျာ့ဝိဇ္ဇထိုရ် ရေနံချောင်း သျှင်သန်းမေဘွဲ့ခံ ဆရာကြီးက တစ်နေ့သောအခါ မြန်မာပြည်တွင် စံပယ်ပန်းနှင့်တူသော ရုပ်စုံစာစုံ ပညာစုံပါမည့် 'ရွှမဝ' အမည်ရှိ ရုပ်စုံမဂ္ဂဇင်းကြီး တစ်စောင် ပေါ်ထွက်အံ့သည်၏ ရှေးပြေး ပုဗ္ဗနိမိတ်အဖြစ် တေးထပ်ဖွဲ့ဆိုကြရန် မြမျိုးလွင်နှင့် မောင်ကျော်အား ပထမစာပိုဒ်ကို စတင်စပ်ဟပ် ကာရန်ထပ်ပေးလိုက်သော်လည်း ကိုယ် လက် ခြေထောက်စသော တေးထပ်တစ်ပုဒ်အဖြစ် ရုပ်လုံးပေါ်လာအောင် မစပ်ဟပ်နိုင်မီ အချိန်အတွင်း၊ ကိုကျော်တို့ မိသားစု ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့သွားကြခြင်းမှာ မြမျိုးလွင်အတွက် ပျင်းစရာကြီး ဖြစ်နေရစ်ခဲ့ပါလေတော့သည်။

မြမျိုးလွင်တွင် ချစ်သူ ခင်သူ ပေါသလောက် အပေါင်းအသင်းများပါသည်။

များသော အပေါင်းအသင်းအတွင်းမှ တိုးတိုးဖော်နှင့် တိုင်ပင်ဖက် သဟဇာတ ဖြစ်သူမှာ ကိုကျော် ဖြစ်ပါသည်။

လက်ဖက်ရည်အချို စေးစေး တွဲတွဲကလေးနှင့် အရသာရှိရှိ စမူဆာ စားလိုသောအခါ၊ မန္တလေး ဈေးချိုအနောက်မြောက်ထောင့်ရှိ 'ဆိုက်ဒူခံ' ဟိုတယ်ခေါ်

mgyoe.com

mgyoe.com


အာဖဂန်နစ္စတန် လူမျိုးပိုင် ကုလားစားသောက်ဆိုင်သို့ သွားလေ့ရှိကြပါသည်။

ဘဝကြင်ဖော် အိမ့်ရှင်မများချက်သည့် ထမင်းဟင်းများ ဟတ်ပေါက်မဟန် ခံတွင်းမတွေ့ လျှာစောင်းခုတ်၍ သွက်မည် မထင်သော နေ့များတွင် ကိစ္စတစ်ခုခုကို အကြောင်းပြု၍ ထွက်သွားကြလျက်၊ လူတစ်ယောက် ခြောက်ပြား အဝစားရသော 'ရွှေချည်ထိုး ထမင်းဆိုင်' သို့ လည်းကောင်း၊ ဈေးချိုတော် အနောက်ဘက် ဈေးရုံနှင့် မျက်နှာချင်းဆိုင်ရှိ ဟင်းကောင်းနှစ်ခွက်ပေးသော လူတစ်ယောက် သုံးပဲတန် ဦးဘသစ်၏ 'မာဃထမင်းဆိုင်' သို့ လည်းကောင်း သွားစားကြကာ၊ လူ့စည်းစိမ်အပြည့်ရှိသော ဘဝအဖြစ် ယူဆကြလျက်၊ လောကတွင် အမြဲတမ်း ပျော်နေခြင်းကြောင့် ဖြစ်ပါသည်။

မြန်မာ့စကားပုံတွင် 'ကဲ့ရဲ့ ခုနစ်ရက် ချီးမွမ်း ခုနစ်ရက်' ဟူ၍ ရှိလေသကဲ့သို့ ၅၂၈ သွယ် မေတ္တာနှင့် တိုးတိုးဖော် တိုင်ပင်ဖက် သဟဇာတဖြစ်သူချင်း ခွဲရသောအခါတွင်လည်း သတိတရရ ဖြစ်နေသည်မှာ တော်တော်နှင့် မေ့ပျောက်မသွားပါ။ နေ့ကုန်ရက်မြောက် လပေါက်မှပင် နေသာထိုင်သာ ရှိရာက တဖြည်းဖြည်း အာရုံပြောင်းသွားကြမြဲ ဖြစ်ပါသည်။

ချမ်းမြေ့ပျော်ရွှင်နေသော အာရုံတစ်ခုနှင့် ကင်း၍ သောကဝင်လာသည့်အခါ အခြားအာရုံသစ်တစ်ခုသို့ ပြောင်းနိုင်ကလည်း စိတ်၏ သာယာမှုကို ရစေနိုင်ပါသည်။



စစ်ကြိုခေတ် ဈေးချိုတော်

mgyoe.com

mgyoe.com


လူတစ်ယောက် တစ်ယောက်တွင် သံယောဇဉ်နှင့် ဥပေက္ခာနှစ်မျိုးကို ပိုင်ဆိုင်ကြပါသည်။ သံယောဇဉ်ကို အခင်တွယ်များလျှင် ဒုက္ခ၊ ဒေါမနဿ၊ သောက၊ ဗျာပါဒ စသည်တို့နှင့် လုံးချာလည်အောင် မနိုင်မနင်း ဖြစ်တတ်ကြပါသည်။ ဥပေက္ခာကို ရင်ဝယ်ပိုက်နိုင်ပါမှ မည်သည့်ကိစ္စအတွက်မဆို နှလုံးစိတ်ဝမ်း ငြိမ်းချမ်းခြင်းကို ရစေပါသည်။

ကိုကျော်တို့ မိသားစုနှင့် ခွဲလိုက်ကြရသောအခါ စိတ်တွင် ယောင်ချာချာ ဖြစ်သွားခြင်းကို ငယ်စဉ်က အဘွားပြောသော စကားများနှင့် ဖြေဖျောက်သည့်အခါ တရေးရေးပြေ၍ ပျော်မြူပျော်လာပါသည်။

မြမျိုးလွင်တို့ခေတ်က အင်္ဂလိပ်စာသင်ပေးသော ဟိုက်စကူး ကျောင်းများကို သက်ကြီးရွယ်အိုပိုင်းက 'စာဖြူကျောင်း' ဟု ခေါ်ကြပါသည်။

ထိုကျောင်းများက အသက် ဆယ်နှစ်ပြည့်မှသာ လက်ခံပါသည်။ ဆယ်တန်းကို ဆယ်နှစ်သင်စေ၍ ဟိုက်စကူးဖိုင်နယ်အောင်သောအခါ အသက်နှစ်ဆယ်ရှိနေရပါမည်။ အသက်နှစ်ဆယ်ပြည့်မှသာ (အက်ဖ်–အေ) (အိုင်အေ) (ဘီအေ) စသော အတန်းများကို တစ်ဆင့်ပြီးတစ်ဆင့် သင်ခွင့်ပေးလိုဟန် လက္ခဏာဖြစ်ပါသည်။

စာဖြူကျောင်းများသို့ နေခွင့်မရမီ ယဉ်ကျေးမှု၊ ဘာသာတရား၊ လူမှုရေးစသော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့နှင့် သက်ဆိုင်ရာ ဗဟုသုတ အဝဝ၊ ပညာအထွေထွေကို၊ ဒိုးလိုမွှေ ရေလိုနှောက် နိုင်စေခြင်းငှာ၊ ဘုန်းတော်ကြီးများကျောင်းတွင် မြန်မာစာကို စတင်ပညာသင်ကြားခြင်း ပြုကြရပါသည်။

မြမျိုးလွင်တို့ခေတ်က လေးငါးနှစ်သား အရွယ်ဆိုလျှင် ဘုန်းကြီးကျောင်းသား ဖြစ်နေပါချေပြီ။ အလိမ္မာစာမှာရှိ၊ စာမတတ်လမ်းမှာဖတ်၊ မအိပ်မနေ အသက်ရှည်၊ မေးပါများ စကားရ၊ သွားပါများ ခရီးရောက် စသော မိမိအတွက် အကျိုးရှိမှု ဆောင်ပုဒ်များကား အာဂုံဆောင်နိုင်နေပါပြီ။

လေးငါးနှစ်သားအရွယ်ဖြစ်၍ ညအိပ်ရာဝင် အဘွားဖြစ်သူကို ကသိုလ်ရအောင် ဆိုလျက် ဝတ်ဖြည့်ရပါသေးသည်။

ကျောကို တံတောင်နှင့် ကြိတ်သည့်အခါ ကြိတ်ပေးရလျက်၊ တစ်ကိုယ်လုံး အထက်အောက် ခေါက်တုံ့ခေါက်ပြန် ခြေဖဝါးနှင့်စီ၍ ကြိတ်ပေးရသည့်အခါ ပေးရပါသည်။

အဘွားက မြေးဖြစ်သူ ပျင်းမည်၊ အိပ်ချင်မည်စိုး၍ ပုံပြင်များ၊ နန်းတွင်း

mgyoe.com

mgyoe.com


အရေးတော်များ၊ အခြားဗဟုသုတရစရာများကို ပြောလေ့ ပြောထရှိပါသည်။

မင်းတစ်ပါး ဘုရင်ဖြစ်လာလျှင် ဝန်ကြီးအဖွဲ့တွင် မင်းလိုလိုက် မင်းကြိုက် ဆောင်၍ အာဏာရအောင် လုပ်တတ်ကြောင်းများ၊ သီပေါမင်း လက်ထက်တွင်လည်း အာဏာပို၍ လိုချင်မှုများရှိခဲ့ပုံ၊ ပညာရှိချင်း ဗိုလ်ကျအောင် အတွင်းကျိတ် ကြိုးစားကြပုံ။



မုနိရှင်

သူတို့ကြိုးစား၍ အာဏာရသောအခါ တစ်ဦးအပေါ် တစ်ဦး မသိမသာ အာဏာပြကြသည်ကို ပြည်သူပြည်သားက ဘာမျှမသိကြဟု ထင်စေကာမူ...။

'တိုင်ကို ကင်းတက်သဟေ့...၊

ရေနံနဲ့ သုတ်ချလကွာ...' ဟူ၍ စောင်းလုံး မြောင်းလုံးနှင့် ထေ့ကြ ငေါ့ကြပုံ။

ဆိုလိုရင်းသဘောမှာ တိုင်တားမင်းကြီး အလွန်တန်ခိုးကြီးစေကာမူ၊ ကင်းဝန်မင်းကြီးလောက် မထက်ကြောင်း။ ကင်းဝန်မင်းကြီး ထက်တယ်ဆိုတာ ရေနံချောင်းမင်းကြီး အိပ်နေသလောက်ပါဟူ၍ ပြည်သူ့ဟာသအဖြစ် သောလုံးထုတ်ကြသည်တို့ကို ပြောပြလေ့ရှိသဖြင့်လည်း မှတ်သားရပါသည်။

'စာမတတ် လမ်းမှာဖတ်' ဆိုသော်လည်း အဆင်ပြေအောင်၊ ဌာန်ကရိုဏ်းကျအောင် မဖတ်တတ်က လူရယ်စရာ ရှက်စရာဖြစ်၍ သတိရှိဖို့ လိုကြောင်း၊ ဗြုန်းဗြုန်း ဒိုင်းဒိုင်း အရမ်းဖတ်မည့်အစား ပထမစိတ်တွင် အစမ်းတစ်ခေါက် ဖတ်ရကြောင်း၊ သေချာမှ လူကြားသူကြား အော်ဖတ်ရကြောင်း။

စာပို့၊ ကြေးနန်း၊ သတင်းစာ စသည်တို့ မရှိသေးသော ခေတ်က တစ်ဦးနှင့် တစ်ဦး၊ တစ်ရွာနှင့် တစ်ရွာ မှာကြားလိုသော ကိစ္စရှိက လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွ

mgyoe.com

mgyoe.com


တွင် ဆောက်လုပ်ထားသော ဇရပ်တွင် အပန်းဖြေနားရင်း မီးသွေးဖြင့် ရေးသွားလေ့ရှိကြသည်။

ခရီးသွားရာတွင် မြင်းဖြင့်လည်းကောင်း၊ ခြေကျင်သော်လည်းကောင်း၊ လှည်းကြမ်းနှင့် လည်းကောင်း သွားကြရသည်တွင် လမ်းဆုံဇရပ်တွင် ရပ်နား၍ ညအိပ်သင့်က အိပ်၊ ချက်ပြုတ်စားသင့်က စား၊ ယုတ်စွအဆုံး လက်ဖက်ရည် အကြမ်းတည်၍ သောက်သူတို့ သောက်ကြခြင်းကြောင့် ဇရပ်တွင် စာရေးစရာ မီးသွေးခဲများ ရရှိရာ တစ်ခါသော် အရေးကြီးသူ တစ်ဦးက...၊

"အမယ်ကြွယ့်သား ရှေ့လဆန်း ကင်းသာ စုံဖြစ်ခဲ့' ဟု ရေးထားခဲ့လျှင် တစ်ဆင့်စကား တစ်ဆင့်နား တစ်ဆင့်ကြားသဘော တစ်ဦးဦးက တစ်ဆင့်ပြောရန် ရေးထားခဲ့သည်။

တစ်ယောက်တည်း မြင်းနှင့် ခရီးသွားသူကလည်း ဇရပ်တွင် ဝင်နားရင်း သူလည်း ရေးချင်စိတ်ပေါ်ကာ မူလစာ အထက်က...။

'စာကြီး'

ခိုကြီး

လင်းနို့ကြီး' ဟူ၍ ရေးသားခဲ့ခြင်းကြောင့် စာများရောထွေးယှက်တင် ဖြစ်ကုန်ပါတော့သည်။

အခြားခရီးသွားတစ်ဖွဲ့ ရောက်လာပြန်သောအခါ ထိုအဖွဲ့တွင် စာတတ်သူနည်း၍ ဖတ်နိုင်သူ တစ်ဦးတလေသာပါလာရာ အားလုံးကပင် မိမိတို့နှင့် သက်ဆိုင်ရာရာ ဖြစ်နေမည်လားဟု 'ဘာစာတဲ့လဲ ဖတ်လကွယ်' ဟု ခိုင်းကြသည်တွင် ဖတ်သူက ရှေ့လောတကြီးဖြင့်...

စားဂျိ

ခိုးဂျိ

လင်းနိုးဂျိ

အမဲ ကျွဲသား


ရှင့်လဆံ ကင်စား

စုံးဖြစ်ခဲ့...ဟူ၍ ဖတ်ပြခြင်းကြောင့် တအုန်းအုန်း ပွဲကျကာ ရယ်ပွဲမောပွဲကြီး ဖြစ်ခဲ့ဖူးကြောင်း။

ဘုရားအနေကဇာတင်၊ ကျောင်းရေစက်ချ၊ ရဟန်းခံရှင်ပြု နားသမင်္ဂလာ

mgyoe.com

mgyoe.com

မန်းတောင်ရိပ်ခို

ဖိတ်ကြားစာများတွင် ကြည့်ညိုရန် လှူဖွယ်ဝတ္ထု စာရင်းထည့်ရာ၌...

စာတိုက်ဗီရို ၁။ ဉာဏ်တော် တစ်တောင့်ထွာရှိ ကျောက်ဆင်းတုရုပ်ပွားတော် တစ်ဆူ။ ပိဋကတ် သုံးပုံ ပါဠိတော် တစ်စုံ။ ပိုးကတ္တီပါ နေရာတော်ခင်း တစ်ထည်။ ဆန်အိတ်ကြီး ၁၅။ ဆယ်ပိဿာဝင် ဆီပုံးကြီး ၁၅။ ငှင်း ငံပြာရည်ပုံးကြီး ၁၅။ ထီး ဖိနပ် စလူယပ်တောင်ကြီး ၁၅ စီ။ ရေကန်ထည် ၁၅။ ဘုရားမျက်နှာကြက်တော် ၁။ စသည်တို့ ပါတတ်ရာတွင် အလောတကြီး လျှောက်၍ ဖတ်သောအခါ...

(ဘုရားမျက်နှာကြက်တော်ကြီး ၁ ကို)

ဘုရားမျက်နှာ

ကြက်တော်ကြီးတစ်ဟု ဖတ်မိတတ်သဖြင့် ရှက်စရာကောင်းကြောင်း။

ထို့ကြောင့် စာကို အသံထုတ်ဖတ်သည့်အခါ သတိရှိနိုင်ပါမှ အရှက်မရကြောင်းများကို မကြာခဏ သတိပေးပြောလေ့ ရှိပါသည်။

လှူဖွယ်ဝတ္ထုစာရင်းတွင် (ရေကန်ထည်) ဆိုသည်မှာ ဘာကိုခေါ်ကြောင်း

mgyoe.com